မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၅၆)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ ၂၀-၈-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။

### မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

## တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် မြန်မာတစ်နိုင်ငံလုံး ပထမရရှိသူနှင့် ၆ ဘာသာဂုဏ်ထူးရှင် တစ်ဦးတို့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့ သာသနာ့ဗိမာန်တော်ရှိ ဦးဩဘာသခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ၌ ၆ ဘာသာဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ပထမရရှိသူနှင့် ၆ ဘာသာဂုဏ်ထူးရှင် တစ်ဦးတို့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာ ချာလီသန်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများတက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ○




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ၆ ဘာသာဂုဏ်ထူးရှင် မဟန်နွယ်မိုးဇင်အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဩဂုတ် ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# ပညာရေးကဏ္ဍနှင့် လူငယ်ကဏ္ဍကို မြှင့်တင်အားပေး ဆောင်ရွက်လျက်ရှိ

လူ့အဖွဲ့အစည်းတွင် တန်ဖိုးရှိသောလူဖြစ်လာစေရန် ကောင်းသောစာရိတ္တ၌ အကျင့်ရလာစေရန် လေ့ကျင့်ပေးရမည်ဖြစ်သည်။ စာရိတ္တပျိုးထောင်ရေးအလုပ်ကို ဦးစွာပြုလုပ်ပေးရသူမှာ မိဘနှစ်ပါးဖြစ်သည်။ ထို့ကြောင့် မိဘနှစ်ပါးကို လက်ဦးဆရာဟုခေါ်ကြသည်။ ထို့နောက် ကျောင်းနေအရွယ်သို့ ရောက်ရှိလာသောအခါ စာသင်ကြားပေးသော ဆရာ၊ ဆရာမများက ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုမျှမပြီးသေးပါ။ ဘွဲ့ရလာသည်အထိ သင်ကြားပြီး မိမိစာရိတ္တကို ထူထောင်ရပါသည်။ ထို့ပြင် ပတ်ဝန်းကျင်ကလည်း လူကိုပြုပြင်တတ်လေရာ ကောင်းသော ပတ်ဝန်းကျင်၌ နေရသည်။ မင်္ဂလာတရားစကားနှင့်ဆိုရလျှင် ပညာရှိကို ဆည်းကပ်၍ လူမိုက်ကိုရှောင်ကြဉ်ရမည် ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်ကလည်း ပညာရေးကဏ္ဍနှင့် လူငယ်ကဏ္ဍကိုမြှင့်တင်ကာ အားပေးဆောင်ရွက်လျက်ရှိသည်။ ပညာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ခြင်းနှင့်အတူ ကောင်းမြတ်သောစာရိတ္တပျိုးထောင်ခြင်းကို ငယ်ငယ်ကတည်းက စတင်ရသည်မှာ လူတိုင်း အသိပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို စာရိတ္တပညာရအောင် ကလေးအရွယ်ကပင် ပြုစုပျိုးထောင်ရမည်ဖြစ်သည်။ ကောင်းသောစာရိတ္တ၌ အကျင့်ရလာသော လူငယ်သည် သူတို့အရွယ်တူချင်းတွင်လည်း အများ၏ ယုံကြည်လေးစားမှုကို ခံရမည်ဖြစ်သည်။ စာရိတ္တကောင်းသော ထိုလူငယ်ကို လူကြီးများက ချစ်ခင်ကြသည်။ မိဘတို့သည် သား၊ သမီးတို့အား အချိန်တန်၍ အိမ်ထောင်ချပေးမည်ဆိုလျှင် မျိုးရိုးကိုစစ်ဆေးကြသည်။ စာရိတ္တကောင်း၊ မကောင်းကို စုံစမ်းကြသည်။ လူငယ်တစ်ယောက်အတွက် မျိုးရိုးနှင့် စာရိတ္တသည် အရေးအကြီးဆုံးဖြစ်သည်။ လူဆိုသည်မှာ မိမိတွင် မကောင်းသောအကျင့်ရှိလျှင် ပေါ်လွင်အောင်မပြဘဲ ဖုံးထားတတ်ကြသည်။ လူတို့၏အတွင်းစိတ်ကို သိရခဲသည်။ အရေးကြုံမှသာ အကျင့်ကောင်း၊ မကောင်း ပေါ်လာတတ်သည်။ တစ်ခါက တက္ကသိုလ် ဒိသာပါမောက္ခဆရာသည် တပည့်သုံးယောက်အား အဖိုးတန်ပစ္စည်းတစ်ခုကို မိမိအိမ်မှခိုးလာရမည်။ ထိုသူကို သမီးနှင့် ပေးစားမည်ဟု ဆရာကဆိုသည်။ တစ်ယောက်သောတပည့်က ဆရာ၏သမီးကိုရဖို့အတွက် မကြိုးစားပါ။ မယားရဖို့မကောင်းသောအလုပ်ကို မလုပ်နိုင်ဟုဆိုကာ ဘာပစ္စည်းမှ ယူမလာပါ။ ထိုအခါ ဆရာက မင်းတို့စာရိတ္တကို ငါစမ်းတာဖြစ်ကြောင်း ပြောပြသည်။ ဒီလိုလူမျိုးကိုမှ ငါသဘောတူတာဟုဆိုကာ ပစ္စည်းယူမလာသောတပည့်ကို သူ့သမီးနှင့်ပေးစားခဲ့သည်။ ထို့ကြောင့် လူငယ်တစ်ယောက်သည် တကယ်စာရိတ္တခိုင်မခိုင်ငွေနှင့်တွေ့မှ မိန်းမနှင့်တွေ့မှ အမှန်တကယ်သိရသည်။ လူငယ်တို့၏အကျင့်စာရိတ္တ ပျိုးထောင်ရေးသည် အဓိကကျလှပါသည်။

လူငယ်များအား စာရိတ္တပျိုးထောင်ရာတွင် ရှေးကဘုန်းကြီးကျောင်းပညာသင်ကြားရေးသည် အလွန်အကျိုးများ ထိရောက်သည်ဟုထင်ရသည်။ ဘုန်းကြီးကျောင်းရောက်သည်နှင့်တစ်ပြိုင်နက် ဘုရားစာအရင်သင်ရသည်။ သင်ပုန်းကြီး စသင်ကြားရပြီး ၅၅၀ ဇာတ်၊ လောကနီတိဆုံးမစာအမျိုးမျိုးကို သင်ကြားရသည်။ ဆုံးမစာများ၏ သဘောအချုပ်သည် ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးကို ယဉ်ကျေးအောင် ဦးတည်သည်ချည်း ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က လူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် ပညာရေးကဏ္ဍနှင့် လူငယ်ကဏ္ဍကို မြှင့်တင်အားပေး ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး



**မန္တလေး ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းရှင်များအသင်း (UMTA)မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခြင်းကို ဩဂုတ် ၁၈ရက် မွန်းလွဲ ၁နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်တွင် ပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်၊ မန္တလေးဇုန်ဥက္ကဋ္ဌ ဦးကျော်မျိုးထိုက်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက မန္တလေးတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးစဉ်ဒေသသစ်များ ဖော်ဆောင်နိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ အကျယ်တဝင့် အမှာစကားပြောကြားသည်။ (ဓာတ်ပုံ)

ဆက်လက်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက အဖွဲ့ဝင်များနှင့် မိတ်ဆက်စကားပြောကြား၍ ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာစေရေး၊ ခရီးစဉ်ဒေသများ ဖော်ဆောင်ရေး၊ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တင်ပြ ဆွေးနွေးပြီးနောက် တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်–၉)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ဝါခင်းကုန်းရပ်ကွက်၊ ၃၅လမ်း၊ အုပ်ချုပ်ရေးမှူးရုံးရှေ့နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ ၅၉လမ်းနှင့် ၁၄၀လမ်းထောင့်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဩဂုတ် ၂၀ ရက်တွင်မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၆၉လမ်း၊ ၃၆လမ်း ဝန်ထမ်းအိမ်ရာအနီးနှင့် အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ ပွဲတော်ရပ်၊ ရွာလယ်လမ်း၊ ပွဲတော်ဘုန်းကြီးကျောင်းအနီးတို့တွင်လည်းကောင်း၊ ဩဂုတ် ၂၁ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်-၁၊ ၈၂လမ်းနှင့် ၂၆လမ်းထောင့်နှင့် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်-၂၊ ၈၃လမ်းနှင့် ၂၄လမ်းထောင့် တို့တွင်လည်းကောင်း၊ ဩဂုတ် ၂၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်(၅၀၈)၊ ၈၂လမ်းနှင့် ၈၄လမ်းကြား၊ ဘုရားကြီးတောင်ဘက်မုခ်တို့တွင်လည်းကောင်းရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်–၆)**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynews-paper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂–၂၈၄၇၃၉၈၊ ၀၂–၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉–၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

○ ရှေ့ဖုံးမှ

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးက မင်းဘူးခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အဓိကသီးနှံများအား ပန်းတိုင်အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ဆန်နှင့် ဆီဖူလုံမှု၊ ဝါစိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းလျက်ရှိမှု၊ ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများဖြင့် ဆောင်ရွက်နေမှုအခြေအနေများ၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုအခြေအနေများ၊ စက်မှု၊စိုက်ပျိုး၊မွေးမြူရေးအခြေခံပညာအထက်တန်းကျောင်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ မြို့နယ်အလိုက် ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မင်းဘူးခရိုင်အတွင်း စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိမှုနှင့် တစ်ဧက ပန်းတိုင်အထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်လျက်ရှိမှု၊ ဆန်ဖူလုံမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မင်းဘူးမြို့ရှိ မြို့မိမြို့ဖများက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအနေဖြင့် မင်းဘူးမြို့တွင် သောက်သုံးရေများ လုံလောက်စွာရရှိရေး စီစဉ်ဆောင်ရွက်ပေးမှု၊ ဘိုးဘွားရိပ်သာ ပြုပြင်ဆောင်ရွက်ပေးမှုနှင့် မင်းဘူးမြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်လှူဒါန်းပေးခဲ့မှု၊ လမ်းများပြုပြင်ဆောင်ရွက်ပေးခဲ့မှုများအပေါ် မြို့သူမြို့သားများကိုယ်စား ကျေးဇူးတင်ရှိမှု၊ မင်းဘူးမြို့၌ ကောလိပ်တစ်ခု တည်ဆောက်ပေးစေလိုမှု၊ မြစ်ရေတင်လုပ်ငန်းအတွက် အရန်စက်တစ်လုံး ထားရှိပေးစေလိုမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ တိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေများရရှိသဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာချာလီသန်းတို့က မင်းဘူးဒေသနှင့် ကိုက်ညီသည့် စပါးမျိုးကို စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေး ဝန်ကြီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးမည့် အခြေအနေများ၊ ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ရှိကာ အထွက်နှုန်းကောင်းမွန်သည့် မျိုးစပါးများ စိုက်ပျိုးနိုင်ရေး တိုင်းဒေသကြီးအစိုးရနှင့် စိုက်ပျိုးရေးတောင်သူများက ဆောင်ရွက်သွားရန် လိုအပ်မှု၊ မင်းဘူးဒေသအတွင်း ပန်းတိုင်အထွက်နှုန်း ကောင်းမွန်လျက်ရှိပြီး ဆက်လက်၍တိုးတက်အောင် ဆောင်ရွက်သွားကြစေလိုမှု၊ မင်းဘူးဒေသတွင် စပျစ်စိုက်ပျိုးထုတ်လုပ်မှုအောင်မြင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ဈေးကွက်လိုအပ်ချက်များအပေါ်မူတည်၍ ပိုမိုတိုးချဲ့စိုက်ပျိုးသွားနိုင်ရန် လိုအပ်မှု၊ ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေး ဆောင်ရွက်သွားစေလိုမှု၊ ဒေသအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိစေရေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်သစ်တောများ စိုက်ပျိုးနိုင်ရေးစီမံချက်များချမှတ် ဆောင်ရွက်ပေးလျက်ရှိမှု၊ သဲကန္တာရမဖြစ်ပေါ်စေရေး စိမ်းလန်းစိုပြည်ရေးအလေးထားဆောင်ရွက်သွားရန်လိုအပ်မှု၊ မင်းဘူးခရိုင်အတွင်း ဝါးကိုအခြေခံသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မှု၊ စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိမှုနှင့် စက်ပစ္စည်းများ ရရှိရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ကမ်းနီမြစ်ရေတင်စီမံကိန်းအား နေရောင်ခြည်စွမ်းအင်ဖြင့် ဆောင်ရွက်လျက်ရှိမှုနှင့် အရန်ရေတင်စက် အသင့်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိ ရပ်ဖများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များတွင် မင်းဘူးကားလမ်းတိုးချဲ့ပေးရေး၊ တက္ကသိုလ်ကောလိပ်များ တိုးချဲ့တည်ဆောက်ပေးရေးကို တင်ပြခဲ့ကြကြောင်း၊ တက္ကသိုလ်ကောလိပ်များကို ဖွင့်လှစ်ရန်အတွက် ခရိုင်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ တန်းစဉ်ကူးပြောင်းမှုများကို တွက်ချက်ကြည့်ရန်လိုကြောင်း၊ မင်းဘူးဒေသတွင် တန်းစဉ်ကူးပြောင်းမှုမှာ လျော့နည်းလျက်ရှိသည်ကိုတွေ့ရကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးစီးသည့်သူများအတွက် Polytechnic ကျောင်းများဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကျောင်းများတွင် တက်ရောက်ကြသူများ နည်းပါးသည်ကိုတွေ့ရကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံး၌ အဆင့်မြင့် ပညာကျောင်းများဖွင့်လှစ်ရန်ရည်ရွယ်ချက်ရှိပြီးဖြစ်ကြောင်း၊ အချို့တက္ကသိုလ်နှင့် ကောလိပ်များ၌ ကျောင်းတက်ရောက်သူများနည်းပါးလျက်ရှိသည်ကိုတွေ့ရကြောင်း၊ Polytechnic တက္ကသိုလ်များကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ကွန်ပျူတာ၊ နည်းပညာနှင့်အခြားသင်ကြား၍ရသည့် ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း။

လမ်းများတိုးချဲ့ခြင်းနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များအတိုင်းဖြစ်စေရေး သတ်မှတ်ချက်များနှင့်အညီ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းဘေးဝဲယာ၌ အိမ်ဆိုင်များဆောက်လုပ်ရောင်းချလျက်ရှိမှုကြောင့် သွားလာမှုအတွက် အနှောင့်အယှက်များဖြစ်သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဖွင့်လှစ်ထားသည့် အိမ်ဆိုင်များနှင့်ပတ်သက်၍ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။

မင်းဘူးမြို့သည် သမိုင်းအစဉ်အလာများရှိခဲ့သည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ အကျော်အမော်များ၊ ယဉ်ကျေးမှုအမွေအနှစ်များရှိခဲ့သည့် မြို့ဖြစ်ကြောင်း၊ မြန်မာစာပေသမိုင်းတွင် ဇာတ်ကြီးဆယ်ဘွဲ့ထဲမှ ဇာတ်တော်ကြီး ၈ ဘွဲ့ကို နှောင်လာနောက်သားတို့ အတုယူရအောင် စကားပြေနှင့် ရေးသားတော်မူခဲ့သည့် ဆရာတော်ဦးဩဘာသသည် မင်းဘူးနယ်သား ထင်ရှားသည့် စာဆိုကျော်တစ်ဦးဖြစ်သည်ကို ဂုဏ်ယူဖွယ် တွေ့ရှိရမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာ့ လွတ်လပ်ရေးသမိုင်းတွင် အသက်ပေးတာဝန်ထမ်းဆောင်သွားခဲ့သည့် အာဇာနည် ၉ ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည့် အတွင်းဝန် ဦးအုန်းမောင်သည်လည်း မင်းဘူးမြို့သားတစ်ဦးဖြစ်သည်ကို သိရှိကြပြီးဖြစ်ကြောင်း။

ယခုအခါ မင်းဘူးဒေသသည် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပြီး ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကောင်းမွန်ရန်လိုပြီး ကုန်ထုတ်လုပ်မှုများတိုးတက်ရန်လိုကြောင်း၊ ဒေသတွင်းရှိပြီးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများမှ ထုတ်ကုန်များပိုမိုတိုးတက်ရရှိရေး တစ်ဧက ပန်းတိုင်အထွက်နှုန်းအတိုင်းရရှိအောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ယခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ ရွေးကောက်ပွဲကိုကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မင်းဘူးခရိုင်မှ ဝင်ရောက်ရွေးချယ်ခံမည့်ကိုယ်စားလှယ်လောင်းများသည် ဒေသတိုးတက်ရေးအတွက် လက်တွေ့ကျသည့်၊ ဖြစ်နိုင်သည့် ကိစ္စရပ်များကို ကြိုတင်တွေးခေါ်မြော်မြင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသအကျိုးအတွက် အမှန်တကယ် ချစ်မြတ်နိုးသည့်စိတ်ဖြင့် တာဝန်ထမ်းဆောင်နိုင်သည့်သူဖြစ်ရန်လိုကြောင်း။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များအလိုက် အဆင့်ဆင့်အုပ်ချုပ်ကြရပြီး သက်ဆိုင်ရာအဆင့်အလိုက် လုပ်ပိုင်ခွင့်ပေးထားပြီးဖြစ်ကြောင်း၊ ချမှတ်ပေးထားသည့် မူဝါဒများအတိုင်း လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ဒေသအတွက် အမှန်တကယ်အကျိုးရှိမည်ဆိုပါက အဆင့်ဆင့်တင်ပြ၍ လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

## ကုန်ထုတ်လုပ်ငန်းများတိုးတက်ထုတ်လုပ်နိုင်ရေး နည်းလမ်းများရှာဖွေဆောင်ရွက်

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ထက်ဝက်ကျော်ခန့်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် မိမိတို့ဒေသ၏ အကြောင်းအရာများကို သိရှိရန်လိုပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးကြရန်လိုကြောင်း။

မင်းဘူးခရိုင်အနေဖြင့် ဆန်ဖူလုံမှုရှိသော်လည်း စေတုတ္တရာမြို့နယ်တွင် ဆန်ဖူလုံမှုလျော့နည်းလျက်ရှိကြောင်း၊ ယခုထက်ပိုမိုကောင်းမွန်ပြီး အထွက်နှုန်းပိုမိုကောင်းမွန်သည့် စပါးမျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူဆန်စက်လုပ်ငန်းများ ကောင်းမွန်နေရန်လည်းလိုကြောင်း၊ ဆန်စက်များမှထွက်ရှိသည့် ဆန်ကွဲ၊ ဖွဲများဖြင့် တိရစ္ဆာန်အစာများ ပြုလုပ်၍ရကြောင်း၊ ဆီထွက်သီးနှံများမှ နမ်းဆီ၊ ပဲဆီများ ထုတ်လုပ်နိုင်သဖြင့် တန်ဖိုးရှိသည့် ထုတ်ကုန်များအတွက် ထုတ်လုပ်သွားရန်လိုကြောင်း၊ ဆီစက်များမှထွက်ရှိသည့် နှမ်းဖတ်၊ ပဲဖတ်များဖြင့်လည်း တိရစ္ဆာန်အစာများထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် မကွေးတိုင်းဒေသကြီးအတွင်း၌ မွေးမြူရေးလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသစီးပွားရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တစ်ဧကပန်းတိုင်အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ပြီး သီးထပ်စွမ်းအားများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအတွက်များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ○

❖ တက္ကသိုလ်ကောလိပ်များကို ဖွင့်လှစ်ရန်အတွက် ခရိုင်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ တန်းစဉ်ကူးပြောင်းမှုများကို တွက်ချက်ကြည့်ရန်လို

❖ မင်းဘူးဒေသတွင် တန်းစဉ်ကူးပြောင်းမှုမှာ လျော့နည်းလျက်ရှိသည်ကိုတွေ့ရ

❖ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးစီးသည့်သူများအတွက် Polytechnic ကျောင်းများဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

# မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး

နေပြည်တော် ဩဂုတ် ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့နယ် မင်းဘူး-ပဒါန်း-အမ်းကားလမ်း မိုင်တိုင်အမှတ် ၄/၇ မှ ၅/၀ အကြားကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

### တက်ရောက်

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်လှ၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မကွေးခရိုင်အတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်/ကျေးရွာများမှ ပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားရာတွင် နှစ်စဉ် မိုးရာသီကာလများတွင် သစ်ပင်စိုက်ပျိုးပွဲများကို မိမိကိုယ်တိုင်ဦးဆောင်၍ သစ်ပင်များ စိုက်ပျိုးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးသဖြင့် အပူပိုင်းဒေသများတွင် ရာသီဥတု ပိုမိုပူပြင်းလာသည်ကို သတိပြုမိသည့်အတွက် သစ်ပင်များစိုက်ပျိုးခြင်းကို ဒုတိယအကြိမ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဇူလိုင် ၁၁ ရက်ကလည်း မိတ္ထီလာခရိုင်တွင် မိမိကိုယ်တိုင်ဦးဆောင်၍ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အပူပိုင်းဒေသ ၁၃ ခရိုင်၊ မြို့နယ် ၂၉ မြို့နယ်တွင်လည်း သစ်ပင်စိုက်ပွဲတော်များကို တစ်ပြိုင်တည်း ကျင်းပဆောင်ရွက်ပေးခဲ့ပြီး သစ်ပင်စုစုပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း။

### သစ်ပင်များစိုက်ပျိုး

ယနေ့တွင် သစ်မျိုးခုနစ်မျိုး၊ ပျိုးပင်ပေါင်း ၁၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ မင်းဘူးဒေသသည် အပူပိုင်းဒေသများတွင်ပါဝင်ပြီး ယခုဒေသတွင် အထူးသဖြင့် မိုးရွာသည့်ပုံစံများ မှန်ကန်မှုမရှိခြင်း၊ မိုးရွာသွန်းမှု နည်းပါးခြင်း၊ အပူချိန် အတက်အကျများလွန်းခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်နှစ်က မင်းဘူးမြို့သည် ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့စာရင်းတွင် ပါဝင်ခဲ့ကြောင်း၊ ထို့ကြောင့်ယခုဒေသတွင်ရာသီဥတု ပူပြင်းသည့်ဒဏ်များ မခံစားရစေရန် သစ်ပင်များစိုက်ပျိုးပေးခြင်းသည် အကောင်းဆုံးပင်ဖြစ်သဖြင့် သစ်ပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ သစ်ပင်များမရှိပါက မြေဆီလွှာများ ပျက်သုဉ်းလာပြီး သစ်ပင်များရှင်သန်မှုများ နည်းပါးလာကာ ကန္တာရဆူးပင်များဖြင့် ပြည့်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုသို့မဖြစ်ပေါ်စေရန်အတွက် သစ်ပင်များစိုက်ပျိုး၍ ကြိုတင် ကာကွယ်ခြင်းများကို ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်များသည် တားဆီး၍မရသော်လည်း လူများ၏ ကြိုတင်ကာကွယ်ဖန်တီးမှု၊ လုံ့လ၊ ဝီရိယထားကြိုးပမ်း ဆောင်ရွက်မှုများဖြင့် ထိုက်သင့်သလောက် အကာအကွယ်ပေးနိုင်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းကြောင့် အရိပ်အာဝါသများရရှိခြင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ခြင်းများ ဖြစ်ပေါ်ရရှိလာမည် ဖြစ်ကြောင်း၊ ယခုဒေသတွင် သစ်ပင်များစိုက်ပျိုး၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း လုပ်ငန်းများကို ပိုမိုဆောင်ရွက်သင့်ကြောင်း၊ **"သစ်တစ်ပင်ကောင်းပါက ငှက်တစ်သောင်း နားခိုနိုင်သည်"**ဟု ပြောကြားကြကြောင်း၊ ကျေးငှက်သာရကာများ လာရောက်နားခိုကြပြီး ၎င်းတို့သယ်ဆောင်လာသည့်သစ်စေ့များမှ သစ်ပင်များ ထပ်မံပေါက်ရောက်၍ သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေကြောင်း။

ယခုဒေသတွင် လျှပ်စစ်ဓာတ်အားရရှိမှု နည်းပါးခြင်းကြောင့် ချက်ပြုတ်ခြင်းများအတွက် လိုအပ်သည့်ထင်းများကို ခုတ်ယူသုံးစွဲကြကြောင်း၊ မိမိတာဝန်ယူ ဆောင်ရွက်ချိန်တွင် ရွာတစ်ရွာတွင် ထင်းစိုက်ခင်း နှစ်ဧကစီ စိုက်ပျိုးရန်အတွက် တိုက်တွန်းပြောကြားထားကြောင်း၊ မင်းဘူးခရိုင်အတွင်း ငါးမြို့နယ်၌ ကျေးရွာပေါင်း ၉၆၃ ရွာရှိကြောင်း၊ တစ်ရွာကို နှစ်ဧကနှုန်းဖြင့် စိုက်ပျိုးသွားမည်ဆိုပါက ဧက ၂၀၀၀ နီးပါး စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင်တစ်ခါ

စာမျက်နှာ ၅ သို့

**○ မင်းဘူးဒေသသည် အပူပိုင်းဒေသများတွင်ပါဝင်ပြီး ယခုဒေသတွင် အထူးသဖြင့် မိုးရွာသည့်ပုံစံများမှန်ကန်မှုမရှိခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်း၊ အပူချိန်အတက်အကျများလွန်းခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်နှစ်က မင်းဘူးမြို့သည် ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့စာရင်းတွင် ပါဝင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုဒေသတွင် ရာသီဥတုပူပြင်းသည့်ဒဏ်များ မခံစားရစေရန် သစ်ပင်များစိုက်ပျိုးပေးခြင်းသည် အကောင်းဆုံးပင်ဖြစ်သဖြင့် သစ်ပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်**

---

○ စာမျက်နှာ ၃ မှ

ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပညာ၊ အတတ်ပညာများ လိုအပ်ကြောင်း၊ ထို့ကြောင့်အတန်းပညာများရှိစေရေး ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ပြီး တန်းစဉ်ကူးပြောင်းမှုများ ကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာတတ်များပေါ်များမှသာ အတတ်ပညာများ ပိုမိုတတ်ကျွမ်းလာမည်ဖြစ်ကြောင်း။

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ မင်းဘူးခရိုင်သည် ဝါစိုက်ပျိုးသည့် ခရိုင်များတွင် ပါဝင်ကြောင်း၊ ထို့ကြောင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို စံပြအဖြစ်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ ကြက်သွန်စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ ကြက်သွန်များအား ရေရှည်သိုလှောင်အသုံးပြုနိုင်သည့် စည်သွတ်ဘူးများနှင့် အခြားထုတ်ကုန်များကို ထုတ်လုပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဒေသနှင့်ကိုက်ညီသည့် ကြက်၊ ဝက်၊ နွား၊ ဆိတ်၊ သိုးများကို မွေးမြူဆောင်ရွက်သွားကြရန်လိုကြောင်း၊ မင်းဘူးဒေသသည်အဓိကအားဖြင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ခြင်းဖြစ်သဖြင့် မိမိအနေဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေးပြောကြားခြင်းဖြစ်ကြောင်း။

မင်းဘူးဒေသတွင် ဝါးများ များစွာထွက်ရှိကြောင်း၊ ဝါးဖြင့်ပြုလုပ်သည့် ကုန်ချောပစ္စည်းများနှင့် စက္ကူများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မင်းဘူးဒေသတွင် ဝါးကို ပျော့ဖတ်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန်လိုကြောင်း၊ ဆီထွက်သီးနှံများတွင် တစ်ခုအပါအဝင်ဖြစ်သည့် နေကြာစိုက်ပျိုးထုတ်လုပ်မှုအား ယခုထက် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန် အကြံပြုပြောကြားလိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ယခုအခါတွင်လည်း မင်းဘူးမြို့နယ်မှ တက္ကသိုလ်ဝင်တန်းတွင် ဝင်ရောက်ဖြေဆိုသူ မောင်ဂျူးသက်ကိုသည် သုံးနှစ်ဆက်တိုက် လူရည်ချွန်သုံးထပ်ကွမ်းဖြစ်ခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ၌ ခြောက်ဘာသာဂုဏ်ထူးရရှိပြီး မြန်မာတစ်နိုင်ငံလုံးပထမ (The Whole Myanmar First) ရရှိခဲ့သည့်အတွက်လည်း မိမိအနေဖြင့် ဂုဏ်ယူပါကြောင်း၊ အလားတူ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး ဖြစ်သည့် မဟန်နှယ်မိုးဇင်အတွက်လည်း ဂုဏ်ယူပါကြောင်း၊ ယခုကဲ့သို့ ကောင်းမွန်သည့် အစဉ်အလာကိုလည်း ဆက်လက် ထိန်းသိမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ အောင်မြင်မှုအသီးအပွင့်များကိုလည်း ဆက်လက်ခံစားကြရပါစေကြောင်း ဆုမွန်ကောင်းစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် မြန်မာတစ်နိုင်ငံလုံး ပထမ (The Whole Myanmar First)ရရှိခဲ့သည့် မောင်ဂျူးသက်ကိုနှင့် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးဖြစ်သည့် မဟန်နှယ်မိုးဇင်တို့အား ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၄ မှ

ထပ်မံ စိုက်ပျိုးသွားမည်ဆိုပါက သစ်တောသစ်ပင်များ များစွာ ပေါက်ရောက်နိုင်မည် ဖြစ်ပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အိမ်တစ်အိမ်လျှင် တစ်ပင်စီ စိုက်ပျိုးပါကလည်း မင်းဘူးခရိုင်အတွင်း အိမ်ခြေပေါင်း ၁၇၀၀၀၀ ခန့် ရှိသည့်အတွက် တစ်နှစ်တစ်ခါ စိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်သစ်တော ပေါက်ရောက်မှု များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခင်ကတည်းက ယခုကဲ့သို့ စိုက်ပျိုးဆောင်ရွက်ခဲ့မည် ဆိုပါက ယခုဒေသတွင် ရာသီဥတုများ ကောင်းမွန်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၂၀၀၅ ခုနှစ်က သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၄၉ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာရှိတော့သည့်အတွက် ၇ ရာခိုင်နှုန်းခန့် လျော့နည်းသွားသည်ကို တွေ့ရှိရကြောင်း၊ သစ်တောဖုံးလွှမ်းမှုအား ၅၀ ရာခိုင်နှုန်းခန့် တိုးတက်စေရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့သည့်ကာလအတွင်း ပျိုးပင်ပေါင်း ၁၆ ဒသမ ၂၇ သန်း စိုက်ပျိုးခဲ့သည်ကို အစီရင်ခံစာအရ သိရှိရကြောင်း၊ ယခုအခါတွင်လည်း အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၅-၂၀၂၆ မှ ၂၀၂၉-၂၀၃၀ အထိ ငါးနှစ်စီမံကိန်းတွင် ပျိုးပင်များ ထပ်မံတိုးချဲ့စိုက်ပျိုးသွားရန် စီမံဆောင်ရွက် ထားရှိကြောင်း၊ ထို့ကြောင့် အဆိုပါစိုက်ပျိုးသည့် အပင်များ အောင်မြင်အောင် စိုက်ပျိုး ဆောင်ရွက်သွားမည်ဆိုပါက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုများကိုလည်း လျော့ပါးလာစေမည်ဖြစ်ကြောင်း။

လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးအတွက် လမ်းဇရိယာ၌ အရိပ်ရ လေကာပင်များ စိုက်ပျိုးသွားရန်နှင့် ငါးဧက၊ ၁၀ ဧက စသည့် သစ်တောငယ်များ တည်ထောင်နိုင်ရန် လမ်းညွှန်မှာကြားထားပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုမင်းဘူးဒေသမှ ဒေသခံ ပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသ စိမ်းလန်းစိုပြည်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ သစ်ပင်များ စိုက်ပျိုးရာတွင် တစ်ပင်စိုက်တစ်ပင်ရှင်ဖြစ်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိုးရာသီကာလအတွင်း ရှင်သန်ဖြစ်ထွန်းစေရေး စတင်စိုက်ပျိုးစဉ်ကပင် စနစ်တကျစိုက်ပျိုးရန်နှင့် သစ်တောသစ်ပင်များ ထိန်းသိမ်းကြသူများအနေဖြင့်လည်း သစ်ပင်များ အမြစ်တွယ်ရှင်သန်စေရန်အတွက် စနစ်တကျဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုစိုက်ပျိုးခဲ့သည့်အကျိုးကို နောင်အနာဂတ်မျိုးဆက်သစ်များက ခံစားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အနာဂတ် မျိုးဆက်သစ်များ အတွက် အမွေကောင်းများ ပေးအပ်ခဲ့ခြင်းပင် ဖြစ်ကြောင်း၊ ယနေ့သစ်ပင်စိုက်ပျိုးပွဲ ကျင်းပခြင်းသည် မိမိတို့ဒေသအတွက် ကောင်းမွန်သည့် မင်္ဂလာရှိသည့် အခမ်းအနားတစ်ခု ဖြစ်သည့်အတွက် တက်ရောက်စိုက်ပျိုးကြသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က တမာပျိုးပင်အား သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မကွေးခရိုင်အတွင်းရှိ တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒုတိယဝန်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် ပြုလုပ်သည့် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတွင် တမာ၊ ဖျောက်ဆိပ်၊ ပိတောက်၊ ရင်းမာ၊ မဲဇလီ၊ စိန်ပန်းကြီး၊ ထုံးပေါက် စသည့် သစ်မျိုးခြောက်မျိုး၊ ပျိုးပင်ပေါင်း ၁၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် ပြုလုပ်သည့် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများက ပျိုးပင်များစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

## စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးလျက်ရှိ

**ကျိုင်းလပ် ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ကွင်းဆင်းငှားရမ်းခြင်းကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက်တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းဖြင့် စာကြည့်တိုက်သို့ လာရောက်ရန် အခက်အခဲရှိသည့် စာဖတ်ပရိသတ်များ စာပေဖတ်ရှုလေ့လာနိုင်စေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စာဖတ်သူတိုးပွားလာစေရန် ရည်ရွယ်၍ ငှားရမ်းပေးခြင်းဖြစ်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက Mobile Library စနစ်ဖြင့် သုတ၊ ရသ၊ ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြကာတွန်း အပါအဝင် စာအုပ်ပေါင်း အုပ် ၅၀ ကို ယူဆောင်၍ ရပ်ကွက်၊ ကျေးရွာရှိ စာဖတ်ပရိသတ်များထံမှ ယခင်ငှားရမ်းထားသော စာအုပ်၊ စာစောင်အပ်နှံမှုကို ပြန်လည်လက်ခံခြင်း၊ စာအုပ်၊ စာစောင်အသစ်များ ထပ်မံငှားရမ်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဦးစီးဌာနအနေဖြင့် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးခြင်းဖြင့် စာကြည့်တိုက်သို့ မလာရောက်နိုင်သူများအတွက် စာအုပ်၊ စာပေများ လေ့လာဖတ်ရှုခွင့် ရရှိကြပြီး စာပေချစ်မြတ်နိုးသူများ အနေဖြင့်လည်း စာပေနှင့် ဝေးကွာခြင်းမရှိဘဲ အဆင်ပြေစေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချောက်မြို့နှင့် ရေနံချောင်းမြို့တို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေး






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချောက်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှနှင့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ချောက်မြို့နှင့် ရေနံချောင်းမြို့တို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ချောက်မြို့ အမှတ်(၅)ရပ်ကွက်ရှိ စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်မည့်မြေနေရာသို့ရောက်ရှိကြရာ ချောက်ခရိုင်အုပ်ချုပ်ရေးမှူးက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ မြေပြုပြင်ခြင်းနှင့် မြေသားစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက စွယ်တော်မြတ် စေတီတော်ကြီးအား စေတီတည်ဆောက်ရာတွင် သတ်မှတ်ထားသည့် အချိုးအစားများအတိုင်း စနစ်တကျ တည်ဆောက်သွားကြရန် နှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### တွေ့ဆုံဆွေးနွေး

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ချောက်မြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ရုံး၌ လည်းကောင်း၊ ရေနံချောင်းမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား ရေနံချောင်းမြို့ စွမ်းအင်ရိပ်သာရှိ ခန်းမ၌ လည်းကောင်း သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တွေ့ဆုံဆွေးနွေးပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ ချောက်ခရိုင် အုပ်ချုပ်ရေးမှူးက ချောက်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စွယ်တော်မြတ် စေတီ တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ချောက်မြို့သို့ ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ချောက်မြို့ရှိ ကားကြီးကွင်း မြေနေရာနှင့် ခရီးသွားကားကြီးကွင်းမြေနေရာတို့အား စနစ်တကျ ဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ မြင့်မားစေရေး ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း၊ ရေနံချောင်းမြို့နယ် အုပ်ချုပ်ရေးမှူးက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ မြေအသုံးချမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေး ကဏ္ဍ၊ ပညာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြေအောက်ရေထိန်းသိမ်းရေးနှင့် မြို့ရေပေးဝေရေးအတွက် ဆောင်ရွက်ပေးထားမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ချောက်မြို့ရှိ မြို့မိမြို့ဖများက ချောက်မြို့ရှိ ပြည်သူ့ဆေးရုံအား အဆင့်မြှင့်တင်ပေးစေလိုမှုနှင့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးစေလိုမှု၊ မိုးလုံလေလုံအားကစားခန်းမ လိုအပ်လျက်ရှိမှု၊ ပူပြင်းခြောက်သွေ့သည့် ချောက်မြို့တွင် ပူပြင်းသည့်ကာလ၌ အပူရှောင်နိုင်သည့် စွယ်တော်မြတ်စေတီ တည်ထားကိုးကွယ်ရန် စီစဉ်ဆောင်ရွက်ပေးမှုအပေါ် ချောက်မြို့သူ မြို့သားများ အနေဖြင့် ကျေးဇူးတင်လျက်ရှိမှု၊ ရေနံမြေဧရိယာအတွင်း ဆောက်လုပ်ထားသည့် နေအိမ်များနှင့်ပတ်သက်၍လည်းကောင်း၊ ရေနံချောင်းမြို့ရှိရပ်မိရပ်ဖများကရေနံချောင်းတက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမ လိုအပ်လျက်ရှိမှု၊ ရေနံချောင်းစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များ၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆိပ်ခံတစ်ခု တည်ဆောက်ပေးစေလိုမှုနှင့် မြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးစေလိုမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ရေနံမြေဧရိယာအတွင်းရှိ နေအိမ်များနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ခွင့်ရရှိရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယာမြေများအား မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်မည်ဆိုပါက အထွက်နှုန်းများ တိုးတက်လာမည် ဖြစ်ကြောင်း၊ ရေနံချောင်း ဒေသအတွင်း ဖြတ်သန်း စီးဆင်းလျက်ရှိသည့် ဧရာဝတီမြစ်ကြောင်းအား ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် သုတေသနပြု ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ် အတွင်း ယခုနှစ် မိုးရာသီတွင် မိုးကောင်းစွာ ရွာသွန်းမှုကြောင့် သီးနှံများ စိုက်ပျိုးမှုကို ပိုမိုဖြစ်ထွန်းစေမှု၊ မြစ်ရေတင် လုပ်ငန်းများဖြင့်လည်း စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ တစ်ဧကပန်းတိုင် အထွက်နှုန်းများ တိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ပြီးခဲ့သည့် ကာလရောက်ရှိချိန်၌ ချောက်မြို့နယ်အတွင်း အပူဒဏ်ခံစားရမှုကို လျှော့ချနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့လာရောက်ခဲ့ခြင်းမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်သာယာအေးချမ်းရေးအတွက် စာမျက်နှာ ၇ သို့ ☆

- ❖ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့" ဆိုသည့် ဆောင်ပုဒ်အတိုင်း ချောက်ဒေသနှင့် ရေနံချောင်းဒေသအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်းနေထိုင်ကြသူများလည်း မဖြစ်မနေ ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျေးရွာများ၌ တစ်ရွာလျှင် ထင်းစိုက်ခင်း နှစ်ဧကစိုက်ပျိုးရန် သတ်မှတ်ထားပြီး ဆက်လက်တိုးချဲ့စိုက်ပျိုးသွားကြရန်လို
- ❖ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အိမ်တစ်အိမ်လျှင် သစ်ပင်တစ်ပင်နှုန်းဖြင့် နှစ်စဉ်စိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်များ ထူထပ်များပြားလာပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်

✰ စာမျက်နှာ ၆ မှ

လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိအနေဖြင့် **"နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"၊ "နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"၊ "နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"** ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း။

နောက်ဆုံးအချက် ဖြစ်သည့် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ချောက်ဒေသနှင့် ရေနံချောင်းဒေသအတွင်းသဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်းနေထိုင်သူများကလည်း မဖြစ်မနေပါဝင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ကျေးရွာများ၌ တစ်ရွာလျှင် ထင်းစိုက်ခင်း နှစ်ဧကစိုက်ပျိုးရန် သတ်မှတ်ထားပြီး ဆက်လက်တိုးချဲ့စိုက်ပျိုးသွားကြရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ မြို့နယ်အလိုက်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အိမ်တစ်အိမ်လျှင် သစ်ပင်တစ်ပင်နှုန်းဖြင့် နှစ်စဉ်စိုက်ပျိုးသွားမည် ဆိုပါက သစ်ပင်များ ထူထပ်များပြားလာပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေမှုကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ ထိုသို့သစ်ပင်များစိုက်ပျိုးမှုကြောင့် အရိပ်အာဝါသများ ရရှိနိုင်မည်ဖြစ်ပြီး အပူဒဏ်ကို ထိုက်သင့်သလောက် လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ မိုးရာသီ မကုန်ဆုံးမီ ကာလအတွင်း ရပ်ကွက်အလိုက်၊ လမ်းအလိုက် သစ်ပင်များကို ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြစေလိုကြောင်း။

စိုက်ပျိုးရေး လုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်းဆန်ဖူလုံမှုများ ရှိလာမည်ဖြစ်ပြီး အခြားယာမြေများတွင် စိုက်ပျိုးသည့် သီးနှံများကိုလည်း အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဒေသအတွင်း ဆန်ဖူလုံမှုရှိအောင် ဆောင်ရွက်ကြရန် လိုကြောင်း။

ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဖူလုံစွာထုတ်လုပ်နိုင်ခြင်းဖြင့် ဒေသစီးပွားရေး များစွာတိုးတက်လာမည် ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ပစ္စည်းများအား အခြားဒေသသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ဒေသအတွက် ဝင်ငွေများ



ချောက်မြို့ အမှတ်(၅)ရပ်ကွက်ရှိ စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်မည့်မြေနေရာ မြေပြုပြင်ခြင်းနှင့် မြေသားစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တွေ့ရစဉ်။

ရရှိစေမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပပို့ကုန်များရရှိမည်ဖြစ်ပြီး နိုင်ငံအတွက်လည်း အကျိုးများစွာဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ နေ့စဉ်လူမှုဘဝအတွက် အသိပညာ၊ အတတ်ပညာများ ရှိရန်လိုကြောင်း၊ အတန်းပညာများ တက်မြောက်မှသာ အသိပညာ၊ အတတ်ပညာများ ရရှိမည်ဖြစ်ကြောင်း၊ လေ့လာမှုမှ အသိပညာ အတတ်ပညာကိုရရှိနိုင်သော်လည်း အတန်းပညာကို တတ်မြောက်ထားမည်ဆိုပါက ပိုမိုသိရှိနားလည်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုသကဲ့သို့ တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေးအတွက်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်အတွင်း ပညာရည်မြင့်မားရေး ဒေသခံများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပညာတတ်များပေါ်များမှသာ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

အခြေခံပညာ ကျောင်းများ၌ **"အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက"** ဟူသည့်အတိုင်း ကျောင်းတက်ရောက်မှု အပေါ်မူတည်၍ တစ်ဦးချင်း၏ စိတ်ဓာတ်၊ စည်းကမ်းလိုက်နာမှုများမှာ ကွာခြားသွားကြကြောင်း၊ ဆရာ ဆရာမများသည် ဒုတိယမိဘများဖြစ်ကြကြောင်း၊ ထို့ကြောင့် မိမိတို့သားသမီးများ၏ အနာဂတ်များ ကောင်းမွန်စေရေး ပညာရေးဆုံးခန်းတိုင်သည်အထိ သင်ကြားပေးကြစေလိုကြောင်း၊ ပညာတတ်များဖြစ်မှသာ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် လူငယ်များအဖြစ် ရောက်ရှိမည်ဖြစ်ပြီး မိမိတို့ဘဝ ရပ်တည်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေး အတွက် ဒေသတွင်း နေထိုင်ကြသူများအနေဖြင့် အသိစိတ်ရှိရှိဖြင့် ထိန်းသိမ်း ဆောင်ရွက်ပေးသွားကြစေလိုကြောင်း။

ယခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲ ပထမအသုတ်ကို ခရိုင်မြို့ကြီးများနှင့် နီးစပ်သည့်မြို့များတွင် စတင်ကျင်းပပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး မှန်မှန်ကန်ကန်ဖြင့် ဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဒီမိုကရေစီတွင် အရေးကြီးဆုံးမှာ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီးချိန်တွင် အနိုင်ရရှိသည့် အစိုးရအဖွဲ့အား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးသွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရာတွင်လည်း နိုင်ငံ၏အကျိုး၊ ဒေသ၏ အကျိုးအတွက် အမှန်တကယ် ဆောင်ရွက်ပေးနိုင်သူများကိုသာ ရွေးချယ်ကြရန် လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားများ အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

- ❖ **ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဖူလုံစွာထုတ်လုပ်နိုင်ခြင်းဖြင့် ဒေသစီးပွားရေး များစွာတိုးတက်လာမည်**
- ❖ **မိမိတို့ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ပစ္စည်းများအား အခြားဒေသသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ဒေသအတွက် ဝင်ငွေများ ရရှိစေမည်**
- ❖ **ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပပို့ကုန်များရရှိမည်ဖြစ်ပြီး နိုင်ငံအတွက်လည်း အကျိုးများစွာ ဖြစ်ထွန်းစေမည်**

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ လူထုလှုပ်ရှားမှုအသွင်ဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

**တောင်တွင်းကြီး ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်ကင်းဝေးစေရန်နှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လူထုလှုပ်ရှားမှုအသွင်ဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက တောင်တွင်းကြီးမြို့၊ မြို့ပေါ်ရပ်ကွက်များ၊ မြို့မဈေးနှင့် ဌာနဆိုင်ရာရုံးများသို့ သွားရောက်၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာသို့ တောင်တွင်းကြီးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်နိုင်စိုးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အတူ တောင်တွင်းကြီးမြို့၊ မြို့ပေါ်ရပ်ကွက်ရှိ ဒေသခံပြည်သူများ၏ နေအိမ်များ၊ မြို့မဈေးနှင့် ဌာနဆိုင်ရာရုံးများ၌ မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်ရမည့် ဆောင်ရန်၊ ရှောင်ရန်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထား ဆောင်ရွက်ရန်နှင့် ခြင်၊ ပိုးလောက်လမ်း မဖြစ်ပွားစေရေးအတွက် ပြုလုပ်ရမည့်အချက်များကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့ပြီး နေအိမ်ခြံဝင်းများ၊ မြို့မဈေးနှင့် ဌာနဆိုင်ရာရုံးအတွင်း၊ အပြင်ရှိ ရေသိုလှောင်ထားသည့် သောက်သုံးရေကန်များအတွင်းသို့ ခြင်၊ ပိုးလောက်လမ်းပေါက်ပွားမှုမရှိစေရေးအတွက် အဘိတ်ဆေးများခတ်ပေးခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**နောင်နောင်(မိဿနိုးမြေ)**





# အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ

**ကျောက်ဆည် ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၌ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် အသားငါး၊ ဆီ၊ ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၅)**

# KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ထိန်းချုပ်ရရှိ၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၉

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ယာယီ ထိန်းချုပ်ထားသည့် ကယားပြည်နယ် ဒီးမော့ဆိုမြို့အား တပ်မတော်က ယနေ့တွင် အပြည့်အဝ ပြန်လည်ထိန်းချုပ်ပြီး လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေရှင်းလင်းရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ဖရိုဖရဲဆုတ်ခွာ

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ အနေဖြင့် ကယားပြည်နယ် အတွင်း အစိုးရ၏အုပ်ချုပ်မှု ယန္တရား ပျက်ပြားစေရန်၊ နိုင်ငံတော်နှင့် အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နှောင့်ယှက်ဟန့်တားရန်၊ ဒေသခံတိုင်းရင်းသား အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့သဖြင့် အကြမ်းဖက်သောင်းကျန်းသူများသည် လွိုင်ကော်မြို့အား သိမ်းပိုက်နိုင်ခြင်းမရှိဘဲ ထိခိုက်ကျဆုံးမှုများစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါ ဆုတ်ခွာထွက်ပြေးသွားခဲ့သည့် KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ဒီးမော့ဆိုမြို့နယ်အတွင်း ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစ၍ ကျေးရွာသူ ကျေးရွာသားများ အသွင်ဖြင့် စိမ့်ဝင်ပုံဖျက် ဝင်ရောက်နေရာယူ၍ အစိုးရ၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် တပ်မတော်တပ်စခန်းများ၊ လုံခြုံရေးတပ်ဖွဲ့များ၏ တပ်ဌာနချုပ်များအား ဝင်ရောက်တိုက်ခိုက်ခြင်း၊ ကျေးရွာများနှင့် ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ကင်းရာ မြို့၊ရွာများသို့ ယာယီနေရပ်စွန့်ခွာသွားရောက် နေထိုင်ခဲ့ကြရသဖြင့် လူ့အခွင့်အရေးများ၊ လူမှုစီးပွားဘဝများ များစွာနိမ့်ကျခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများအား ၎င်းတို့၏ မြို့/ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေး၊ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝရှာဖွေလုပ်ကိုင် စားသောက်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရား ပြန်လည် လည်ပတ်နိုင်ရေးအတွက် အဆိုပါအကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် ဒီးမော့ဆို ဒေသတစ်ဝိုက်နှင့်



အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်မှု မှတ်တမ်းဓာတ်ပုံ။


အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်မှု မှတ်တမ်းဓာတ်ပုံ။

ခြေကုပ်ယူခဲ့ပြီး ၎င်းမှတစ်ဆင့် အကြမ်းဖက်သမားများ ခံစစ်ပြုလုပ်ထားသည့် မြို့တွင်းရှိ မြေပေါ် မြေအောက်ဘန်ကာများ၊ အထပ်မြင့် အဆောက်အအုံများ အပါအဝင် စာသင်ကျောင်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေရာ၊ ချက်ကျောင်းနှင့် ဆေးရုံနေရာတို့ကို ခက်ခက်ခဲခဲဖြင့် စွန့်လွှတ်စွန့်စားစွာ အချိန်ယူရှင်းလင်းတိုက်ခိုက်ခဲ့ရာ ဩဂုတ် ၇ ရက်တွင် ဒီးမော့ဆိုမြို့၏ အရှေ့တောင်ဘက်ရှိ ပါဒေါဒူ ကျေးရွာနှင့် ရှုးဖယ်ခူရပ်ကွက်ကိုလည်းကောင်း၊ ဩဂုတ် ၁၂ ရက်တွင် ရွှေယောက် မြို့နယ်ခန်းမ၊ မြို့မရပ်ကွက်အတွင်းရှိ ချက်ကျောင်းနေရာများကိုလည်းကောင်း၊ ယနေ့တွင်ဒီးမော့ဆိုမြို့ တစ်ခုလုံးကိုလည်းကောင်း တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ စစ်ဆင်ရေးကာလ ၁၆ ရက်အတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ်(၂၃)ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူထံမှအလောင်းခြောက်လောင်းနှင့် လက်နက်မျိုးစုံ ငါးလက် သိမ်းဆည်းရမိခဲ့ပြီး မိမိတို့ဘက်မှ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ကျဆုံး/ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများ အနေ အဆောက်အအုံများ အကြားနှင့် အများပြည်သူ သွားလာအသုံးပြုဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်း၊ ဒေသခံပြည်သူများအား လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ် တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement-ROE) နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက လွိုင်ကော်မြို့နှင့် ဒီးမော့ဆိုမြို့တို့ကို ဆက်သွယ်ထားသည့် လမ်းကြောင်းကို ပြည်သူများ အကြောက်တရားများ လွှမ်းမိုးစေရန်ရည်ရွယ်၍ ကယားပြည်နယ် အတွင်းရှိ လွိုင်ကော်မြို့နှင့် အနီးဝန်းကျင်တစ်ဝိုက်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင်လည်း စစ်ရေးပစ်မှတ် မဟုတ်သည့် လွိုင်ကော် တက္ကသိုလ်ကို လက်နက်ကြီးများ အကူအညီဖြင့် တပ်မတော် စစ်ကြောင်းများ၏ အလစ်အငိုက်ရယူ၍ ဝင်ရောက်ပစ်ခတ်ခြင်း၊ ဆရာ ဆရာမများအား ဖမ်းဆီးခေါ်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး တစ်ဆင့်ပြီး တစ်ဆင့် လွိုင်ကော်မြို့သိမ်း တိုက်ပွဲကို စတင်ဆောင်ရွက်ခဲ့သဖြင့် မြို့လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်စစ်ကြောင်းများက လွိုင်ကော်မြို့ အကြမ်းဖက်သောင်းကျန်းသူများလက်အောက် မကျရောက်စေရေး ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ များအတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ဒေသခံတိုင်းရင်းသားများ ပိုင်ဆိုင်သည့်ပစ္စည်းများကို အတင်းအဓမ္မ လုယက်ယူဆောင်ခြင်း စသည့်အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ဒီးမော့ဆိုမြို့အတွင်းရှိနေအိမ်များ၊ ဘာသာရေး အဆောက်အအုံများတွင် အခိုင်အမာခံစစ်ပြုလုပ်ကာ လွိုင်ကော်-ဒီးမော့ဆို-ဘောလခဲ ဆက်သွယ်ရေး လမ်းကြောင်းကို ဖြတ်တောက်ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ရိုးသားစွာ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ဆောင်ရွက်နေကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများသည် ၎င်းတို့ပိုင်ဆိုင်သည့် နေအိမ်အဆောက်အအုံ





အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်မှု မှတ်တမ်းဓာတ်ပုံ။

ဒီးမော့ဆိုမြို့အား ပြန်လည်ထိန်းချုပ်နိုင်ရေး အတွက် တပ်မတော် စစ်ကြောင်းများက ၂၀၂၅ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့မှစ၍ ဒီးမော့ဆိုမြို့၏ မြောက်ဘက်ခြမ်း ရွှေယောက်ရပ်ကွက်အတွင်းရှိ တောင်ငူလမ်းဆုံနှင့် အရှေ့တောင်ဘက် ပါဒေါဒူကျေးရွာတို့မှစ၍ လက်နက်ကြီးပစ်ကူများဖြင့် စနစ်တကျ အဆင့်ဆင့် ရပ်ကွက်အတွင်းရှိ ဆီဆိုင်နေရာကိုလည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် အောင်မင်္ဂလာရပ်ကွက်အတွင်းရှိ မြို့နယ်ရဲစခန်း၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးတို့ကိုလည်းကောင်း၊ ဩဂုတ် ၁၅ရက်တွင် ရွှေယောက်ရပ်ကွက်တစ်ခုလုံးနှင့် စည်ပင်သာယာရပ်ကွက်ရှိ ဖြင့် ဒီးမော့ဆိုမြို့အား ယာယီထိန်းချုပ်ထားစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံ/ဆေးခန်းများနှင့် လူနေအိမ်များကို အကာအကွယ်ယူ၍ ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ လူနေ/အိမ် အပြီးတိုင် ဆက်လက်ရှင်းလင်းပေးခြင်းဖြင့် လွိုင်ကော်-ဒီးမော့ဆို ဆက်သွယ်ရေး လမ်းမကြီးအား မကြာမီအချိန်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာန အဆောက်အအုံများ၊ စာမျက်နှာ ၉ သို့

☆ စာမျက်နှာ ၈ မှ
ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အမြန်ဆုံး ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် မိုင်းရှင်းလင်းရေး လုပ်ငန်းများ အပါအဝင် နယ်မြေလုံခြုံရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ် အတွင်း အကြမ်းဖက် သောင်းကျန်းသူများ ထိန်းချုပ်/ ပိတ်ဆို့ထားသည့် မြို့/ ရွာများ၊ ဆက်သွယ်ရေး လမ်းကြောင်းများအား တပ်မတော်က "ရန်နိုင်မင်း" စစ်ဆင်ရေးဖြင့် အကြမ်းဖက် ချေမှုန်းရေးကို ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် မေ ၁၅ ရက်တွင် ဆီဆိုင်မြို့အား ပြန်လည် ထိန်းချုပ်နိုင်ခဲ့ပြီး ဟိုပုံး- ဆီဆိုင်- လွိုင်ကော် လမ်းကြောင်းကို မေ ၂၉ ရက်တွင် လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင် ၆ ရက်တွင် မိုးဗြဲမြို့ကို ပြန်လည် ထိန်းချုပ်နိုင်ခဲ့ပြီး ပင်လောင်း- ဆောင်းပြောင်း- ဖယ်ခုံ - မိုးဗြဲ - လွိုင်ကော် လမ်းကြောင်းကို ဇူလိုင် ၁၁ ရက်တွင်လည်းကောင်း၊ ဖယ်ခုံအင်း အရှေ့ဘက်ခြမ်း ဒေသတစ်ခုလုံးကို ဇူလိုင် ၃၁ ရက်တွင် လည်းကောင်း ပြန်လည်ထိန်းချုပ်/ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယနေ့တွင် အကြမ်းဖက် သောင်းကျန်းသူများ ယာယီ ထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော် စစ်ကြောင်းများက အပြီးအပိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





အကြမ်းဖက်သောင်းကျန်းသူများက ဒီးမော့ဆိုမြို့ရှိ ပြည်သူ့ဆေးရုံအားဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





အကြမ်းဖက်သောင်းကျန်းသူများက ဒီးမော့ဆိုမြို့ရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများအတွင်း ဘန်ကာများပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် လက်နက်/ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်း မှတ်တမ်းဓာတ်ပုံများ။







အကြမ်းဖက်သောင်းကျန်းသူများက လူနေအဆောက်အအုံများအတွင်း ဘန်ကာများ၊ ဖုံးခိုကျင်းများပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ဗီယက်နမ်နိုင်ငံသား ၁၃ ဦး သက်ဆိုင်ရာနိုင်ငံသို့ထပ်မံပြည်နှင့် လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၁၉

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၁၃ ဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Hoang Minh Hai နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေး ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၃၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၁၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၂၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဆော့ဖ်ဘဏ်က ရှယ်ယာများ ဝယ်ယူမည့် သတင်းထွက်ပေါ်လာပြီးနောက် အမေရိကန်အခြေစိုက် အင်တဲလ်ကုမ္ပဏီ၏ ရှယ်ယာဈေးနှုန်းများ မြင့်တက်



**တိုကျို ဩဂုတ် ၁၉**

ဂျပန်နည်းပညာရင်းနှီး မြှုပ်နှံမှုလုပ်ငန်းကြီးဖြစ်သော ဆော့ဖ်ဘဏ်က အမေရိကန်ကွန် ပျူတာ ချစ်ပ်ထုတ်လုပ်သည့် အင်တဲလ်ကုမ္ပဏီတွင် အမေရိကန် ဒေါ်လာ ၂ ဘီလီယံ(ပေါင် ၁ ဒသမ ၅ ဘီလီယံ) တန်ဖိုးရှိ ရှယ်ယာများ ဝယ်ယူမည်ဟု ပြောကြားပြီးနောက်ပိုင်း အင်တဲလ် ရှယ်ယာဈေးနှုန်း မြင့်တက်လာကြောင်း သိရသည်။

အဆိုပါ ကြေညာချက်သည် ထရမ့်အစိုးရအဖွဲ့မှ အစိုးရထောက်ပံ့ငွေများကို ရှယ်ယာများအဖြစ် ပြောင်းလဲကာ အင်တဲလ်၏ ၁၀ ရာခိုင်နှုန်းခန့်ကို ရှယ်ယာဝင်အဖြစ်ရယူရန် ဆွေးနွေးနေသည်ဟူသော သတင်းအသစ်များ ထွက်ပေါ်ပြီး နာရီအနည်းငယ် အကြာတွင် ထွက်ပေါ်လာခြင်း ဖြစ်သည်။

လွန်ခဲ့သောသီတင်းပတ်က ပထမဆုံးအကြိမ် သတင်းထွက်ခဲ့သည့် အလားအလာရှိသော သဘောတူညီချက်၏ ရည်ရွယ်ချက်မှာ အိုဟိုင်းယိုးပြည်နယ်တွင် ထင်ရှားကျော်ကြားသည့် ထုတ်လုပ်ရေးစက်ရုံတစ်ခု တည်ဆောက်ရာ၌ အင်တဲလ်ကို ကူညီရန် ဖြစ်သည်။

ဩဂုတ် ၁၈ ရက်က ကြေညာခဲ့သော သဘောတူညီချက်အရ ဆော့ဖ်ဘဏ်အနေဖြင့် အင်တဲလ်ရှယ်ယာတစ်စုလျှင် ၂၃ ဒေါ်လာ ပေးချေမည်ဖြစ်ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ထိုင်းနိုင်ငံ၏ စက်မှုလုပ်ငန်းဆိုင်ရာ အညွှန်းကိန်း သုံးနှစ်အတွင်း အနိမ့်ဆုံးသို့ ရောက်ရှိသွားခဲ့



**ဘန်ကောက် ဩဂုတ် ၁၉**

ထိုင်းနိုင်ငံ၏ စက်မှုလုပ်ငန်းဆိုင်ရာ အညွှန်းကိန်းသည် အမေရိကန်၏ အခွန်အခများနှင့် ကမ္ဘောဒီးယားနှင့် နယ်စပ်ပဋိပက္ခတို့၏ သက်ရောက်မှုများအပေါ် စိုးရိမ်ပူပန်မှုများကြောင့် ဇူလိုင်လတွင် ငါးလဆက်တိုက် ကျဆင်းခဲ့ပြီး သုံးနှစ်အတွင်း အနိမ့်ဆုံးသို့ ရောက်ရှိသွားသည်ဟု ထိုင်းစက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်က အတည်ပြုလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါစစ်တမ်းကို အမေရိကန်က ထိုင်းနိုင်ငံမှသွင်းကုန်များကို ဒေသတွင်းနိုင်ငံများနှင့်အညီ ၁၉ ရာခိုင်နှုန်း အခွန်သတ်မှတ်ခြင်းမပြုမီ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စုသည် ထိုင်းနိုင်ငံ၏ အကြီးဆုံး ပို့ကုန်ဈေးကွက်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်က စုစုပေါင်းတင်ပို့မှု၏ ၁၈ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ကာ အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံ တန်ဖိုးရှိခဲ့သည်။

ထိုင်းနိုင်ငံ၏ စက်မှုလုပ်ငန်းဆိုင်ရာ အညွှန်းကိန်းသည် ဇွန်လတွင် ၈၇ ဒသမ ၇ ရှိခဲ့ရာမှ ဇူလိုင်လတွင် ၈၆ ဒသမ ၆ သို့ ကျဆင်းခဲ့သည်။

ထိုင်းနိုင်ငံမြောက်ပိုင်း၌ ရေကြီးရေလျှံမှုနှင့် ဝယ်ယူနိုင်စွမ်းအားကျဆင်းမှုတို့သည် အညွှန်းကိန်းအပေါ် သက်ရောက်သည့် အခြားအချက်များဖြစ်ကြောင်း သိရသည်။

Mon

# ၂၀၂၅ ခုနှစ် စပါတန် ကလေးသူငယ်ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင် တရုတ်ပြိုင်ပွဲဝင်များ ထူးခြားသည့် စွမ်းရည်များကို ထပ်မံပြသ

**ပေကျင်း ဩဂုတ် ၁၉**

၂၀၂၅ ခုနှစ်စပါတန်ကလေးသူငယ် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကို တရုတ်နိုင်ငံ ဟီဘေးပြည်နယ်၊ ကျန်းကျားကော်ဒေသ၊ ချုံလီမြို့ရှိ ဂျင်တင်းစကီးပန်းခြံ၌ ယမန်နေ့က လက်ခံကျင်းပရာ တရုတ်ပြိုင်ပွဲဝင်များသည် ၁၂ နိုင်ငံနှင့်ဒေသတွင်းမှ အထူးချွန်ဆုံး လူငယ်အားကစားသမား ၂၄၀ ကျော်ကို ဆွဲဆောင်ကာ ထူးခြားသည့် စွမ်းဆောင်ရည်များကို ထပ်မံပြသခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တရုတ်အားကစားသမားများသည် မတူညီသည့် ကဏ္ဍအသီးသီးမှ ချန်ပီယံဆု ခြောက်ခုကို ဆွတ်ခူးရရှိခဲ့ပြီး လေးနှစ်ဆက်တိုက် ဆုတံဆိပ်များရရှိသည့် စံချိန်ကို တိုးချဲ့နိုင်ခဲ့သည်။

အထင်ရှားဆုံး အောင်မြင်မှုများအနက် တစ်ခုမှာ အသက် ၁၂ နှစ်အရွယ် ကျိန်းလီချီရန်က အသက်အုပ်စုကို တိုးမြှင့်ယှဉ်ပြိုင်ခဲ့ပြီးနောက် ၄င်း၏ချန်ပီယံဆုကို အောင်မြင်စွာ ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် အသက် ၉-၁၁ နှစ်အမျိုးသားကဏ္ဍ၌ ဆုရရှိခဲ့သည့် ကျိန်းလီချီရန်သည် ယခုနှစ်တွင် အသက် ၁၁-၁၂ နှစ် ကဏ္ဍ၌ အနိုင်ရခဲ့ပြီး စပါတန်ကလေးသူငယ်ကမ္ဘာ့ချန်ပီယံဆုကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးတရုတ်အားကစားသမား ဖြစ်လာသည်။

ပြိုင်ပွဲအစောပိုင်းတွင် ကျိန်းလီချီရန်သည် အသင်းဖော် ဝမ်ဇီကျိန်းနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ရပြီး ထိုနှစ်ဦးစလုံးသည် ဦးဆောင်မှုအတွက် တစ်ဦးနှင့်တစ်ဦး အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

Mon



# အိန္ဒိယနိုင်ငံ စီးပွားရေးမြို့တော် မွမ်ဘိုင်း၌ ရေကြီးပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ နှောင့်နှေး

**မွမ်ဘိုင်း ဩဂုတ် ၁၉**

အိန္ဒိယနိုင်ငံစီးပွားရေးမြို့တော် မွမ်ဘိုင်းနှင့် အနီးဝန်းကျင်ဒေသများ၌ မိုးအဆက် မပြတ်ရွာသွန်းခဲ့သောကြောင့် လေကြောင်းလိုင်း ၂၅၀ ကျော် ခရီးစဉ်များ နှောင့်နှေးကြန့်ကြာခဲ့သလို ဖျက်သိမ်းခဲ့ရပြီး ရထားလမ်းများ ရေလွှမ်းမိုးနစ်မြုပ်ခဲ့သောကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် နှောင့် ယှက်ဟန့်တားမှုများဖြစ်ပေါ်ခဲ့သည်။

မွမ်ဘိုင်းမြို့တစ်လျှောက် ဒူးမှခါးအထိရေတက်လာသောကြောင့် မော်တော်ယာဉ်များ ပျက်စီးခဲ့ရသည်။ ဆိပ်ကမ်းလမ်းကြောင်းရှိ ရထားလမ်း ဝန်ဆောင်မှုကိုလည်း ပိတ်ခဲ့ရသည်။

ထို့အတူ မွမ်ဘိုင်းတစ်လျှောက် စာသင်ကျောင်းများ၊ ကောလိပ်များနှင့် အခြားပညာရေးဆိုင်ရာ အဆောက်အအုံများလည်း ပိတ်ခဲ့ရသည်။

သုံးရက်ဆက်တိုက် မိုးသည်းထန်စွာ ရွာသွန်းမည်ဖြစ်ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ကြေညာထားသည်။

ဆင်ဟွာ

**STOP AIDS**

# ဩစတြေးလျနိုင်ငံ၌ အသက် ၁၆ နှစ်အောက်ကလေးများကို လူမှုမီဒီယာအသုံးပြုခွင့် ပိတ်ပင်မည်

**ကန်ဘာရာ ဩဂုတ် ၁၉**

ဩစတြေးလျနိုင်ငံ၌ လူမှုမီဒီယာဆိုင်ရာ အသက်ကန့်သတ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းခြင်းမပြုမီ ခြောက်လအလို အွန်လိုင်းကို ဘေးကင်းလုံခြုံစွာအသုံးပြုရာ၌ မိဘများ၏ လမ်းညွှန်မှုသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ကျွမ်းကျင်သူများက အလေးပေးပြောကြားခဲ့သည်။



မိဘများနှင့် ကျောင်းများသည် ကလေးများနှင့်ပတ်သက်ပြီး ၄င်းတို့၏ ကိုယ်ရေးကိုယ်တာကိစ္စ၊ ဒစ်ဂျစ်တယ်သဘောတရားနှင့် အနိုင်ကျင့်ခြင်း၊ အလှပြင်ခြင်း၊ လိင်မှုကိစ္စပုံများပေးပို့ခြင်းနှင့် အတုအယောင်ကိစ္စရပ်များကဲ့သို့သော အန္တရာယ်ရှိသည့်အကြောင်းအရာများကို ဆွေးနွေးသွားရမည်ဖြစ်ကြောင်း ဩစတြေးလျတောင်ပိုင်းတက္ကသိုလ် တွဲဖက်ပါမောက္ခ လိစ်လေးအန်နီအိုင်းက ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှစပြီး တစ်တော့ခ်၊ အင်စတာဂရမ်၊ ဖေ့ဘွတ်၊ ရက်ဒစ်၊ စနပ်ချက်နှင့် ယူကျု စသည့်လူမှုမီဒီယာများသည် အသက် ၁၆ နှစ်အောက် ကလေးများကို အသုံးပြုခွင့် ပိတ်ပင်သွားမည်ဖြစ်ကြောင်း၊ လူမှုမီဒီယာမှတစ်ဆင့် အန္တရာယ်ဖြစ်စေနိုင်သည့်အကြောင်းအရာနှင့် တင်ဆက်မှုများကို ကာကွယ်ရန် ထိုသို့ အသုံးပြုခွင့်ပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဥပဒေပြဋ္ဌာန်းချက် တစ်ခုတည်းဖြင့် မလုံလောက်ကြောင်း၊ ဒစ်ဂျစ်တယ်ဗဟုသုတ၊ ဒစ်ဂျစ်တယ်နည်းလမ်းများကို တတ်မြောက်ထားမှသာ ဘေးကင်းလုံခြုံစွာအသုံးပြုနိုင်မည်ဖြစ်ကြောင်း အိုင်းက ပြောကြားခဲ့သည်။

ကလေးများ၏ဦးနှောက်သည် ဖွံ့ဖြိုးနေဆဲ ဖြစ်သောကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို ကျိုးကြောင်းမဆင်ခြင်နိုင်ဘဲ လှုံ့ဆော်မှုအတိုင်းသာ လိုက်ပါလုပ်ဆောင်လေ့ရှိသောကြောင့် ၄င်းတို့အတွက် ဘေးကင်းလုံခြုံစေမည့် မဟာဗျူဟာများ လိုအပ်လျက်ရှိသည်ဟု အိုင်းက ဆက်လက်ပြောကြားခဲ့သည်။

ကလေးများ၏ အသက်ကန့်သတ်ချက်နှင့် လိုက်လျောညီထွေရှိစေမည့် အသုံးအဆောင်ပစ္စည်းများ၊ အွန်လိုင်းအသိပညာ ကြွယ်ဝသည့် မိဘများနှင့် ဆရာသမားများ၊ ပွင့်လင်းမြင်သာသည့် ဆက်သွယ်ဆောင်ရွက်မှုများ စသည့် ကူညီထောက်ပံ့မှုများ လုပ်ဆောင်ပေးနိုင်မည်ဆိုပါက ဒစ်ဂျစ်တယ်ကမ္ဘာကြီးတွင် ကလေးများကို နည်းမှန်လမ်းမှန် ဘေးကင်းလုံခြုံစွာ ကြီးပြင်လာစေမည်ဖြစ်ကြောင်း အိုင်းက ဆွေးနွေးပြောကြားခဲ့သည်။

ဆင်ဟွာ




## စပါးအသင်းနှင့် ၂၀၂၉ ခုနှစ်အထိ ရိုမဲရိုး သက်တမ်းတိုးစာချုပ် ချုပ်ဆို




**လန်ဒန် ဩဂုတ် ၁၉**

စပါးအသင်းသည် အသင်းနောက်ခံ ကစားသမား ရိုမဲရိုးအား ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် စပါးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၅ ပွဲကစားပြီး ရှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ရိုမဲရိုးက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(ဝဲပုံ)

**(NGB)**

******

## လီယွန်ဘိုင်လီအား ခေါ်ယူရန် ရိုးမားအသင်း သဘောတူညီမှုရရှိ




**တူရင် ဩဂုတ် ၁၉**

ရိုးမားအသင်းသည် အက်စတွန်ဗီလာအသင်း တောင်ပံကစားသမား လီယွန်ဘိုင်လီအား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီ ဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ယခုရက်ပိုင်းအတွင်း ရိုးမားအသင်းသို့ လာရောက်ပူးပေါင်းကာ စာချုပ် ချုပ်ဆိုသွားမည် ဖြစ်သည်။

တောင်ပံကစားသမား လီယွန်ဘိုင်လီသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၄ ပွဲ ကစား ပြီး ၂၂ ဂိုးထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရိုးမားအသင်းက ခေါ်ယူလာခြင်း ဖြစ်သည်။

ရိုးမားအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စီးရီးအေ ရာသီအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၄ရက်တွင် ဘိုလော့နာ အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

**(အပေါ်ပုံ)**

**(NGB)**

## အယ်လ်ချီအသင်းတွင် အန်ဒရေဆေးလ်ဗား ကျောနံပါတ် (၉)ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**မက်ဒရစ် ဩဂုတ် ၁၉**

တိုက်စစ်မှူးသစ် အန်ဒရေဆေးလ်ဗားသည် စပိန်လာလီဂါကလပ် အယ်လ်ချီအသင်းတွင် ကျောနံပါတ် (၉)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် လိုက်ပဇစ်အသင်းမှ အယ်လ်ချီအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တိုက်စစ်မှူး အန်ဒရေဆေးလ်ဗားသည် ကစားသမားဘဝတစ်လျှောက်တွင် ပေါ်တို၊ အေစီမီလန်၊ ဆီဗီလာ၊ လိုက်ပဇစ်၊ ဆိုစီဒက်၊ ဝါဒါဘရီမင်စသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အယ်လ်ချီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

**(အောက်ပုံ)**

အယ်လ်ချီအသင်းသည် လက်ရှိဈေးကွက် မပိတ်မီအချိန်အတွင်းတွင် ကစားသမားသစ်များ ထပ်မံခေါ်ယူအားဖြည့်သွားဦးမည် ဖြစ်သည်။

**(NGB)**







## လိဒ်စ်အသင်းက အဲဗာတန်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဩဂုတ် ၁၉**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ် ပွဲစဉ်(၁)အဖြစ် ယနေ့ နံနက်ပိုင်းက လိဒ်စ်အသင်းနှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လိဒ်စ်အသင်းက အဲဗာတန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**(အပေါ်ပုံ)**


လိဒ်စ်အသင်းအတွက် သွင်းဂိုး တစ်ဂိုးကို ပွဲချိန် ၈၄ မိနစ်တွင် လူကပ်စ်က သွင်းယူပေးခဲ့သည်။

လိဒ်စ်အသင်းသည် ပရီးမီးယားလိဂ် ပွဲစဉ်(၂)အဖြစ် လာမည့် ဩဂုတ် ၂၃ ရက်တွင် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(NGB)**

## နသန်ကော်လင်းစ်အား ခေါ်ယူရန် ပရီးမီးယားလိဂ်ထိပ်သီးကလပ်အသင်းများ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဩဂုတ် ၁၉**

ပရီးမီးယားလိဂ်ထိပ်သီးကလပ်အသင်းများဖြစ်သည့် လီဗာပူး၊ မန်ချက်စတာယူနိုက်တက် အသင်းနှင့် စပါးအသင်းတို့သည် ဘရန့်ဖို့ဒ်အသင်းနောက်ခံကစားသမား နသန်ကော်လင်းစ်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။




အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၇ ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ထိပ်သီးကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ဘရန့်ဖို့ဒ်အသင်းကလည်း နသန်ကော်လင်းစ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် ပရီးမီးယားလိဂ်ထိပ်သီးကလပ်အသင်းများဖြစ်သည့် လီဗာပူး၊ မန်ချက်စတာယူနိုက်တက်အသင်းနှင့် စပါးအသင်းတို့အနေဖြင့် မည်သည့်အသင်းက ဘရန့်ဖို့ဒ်အသင်းထံမှ နသန်ကော်လင်းစ်အား ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## လူကာကူ ကြွက်သားဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

**တူရင် ဩဂုတ် ၁၉**

နာပိုလီအသင်းတိုက်စစ်မှူး လူကာကူ ကြွက်သားဒဏ်ရာကြောင့် တစ်လနီးပါးခန့်အထိ အနားယူရဖွယ်ရှိနေသည်။**(ယာပုံ)**

အဆိုပါ တိုက်စစ်မှူးသည် နာပိုလီအသင်းနှင့်အတူ ရာသီကြိုခြေစမ်းပွဲစဉ်များပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး လူကာကူ ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် နာပိုလီအသင်း တိုက်စစ်ပိုင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူး လူကာကူသည် နာပိုလီ အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၈ ပွဲ ကစားပြီး ၁၄ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(အပေါ်ပုံ)**




**(NGB)**

## နော်တင်ဟမ်ဖောရက်စ်အသင်း အာနော့ဒ်ကာလီမွန်ဒိုအား ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၉**

နော်တင်ဟမ်ဖောရက်စ် အသင်းသည် ရင်းနက်စ်အသင်း တိုက်စစ်မှူး အာနော့ဒ်ကာလီမွန်ဒိုအား ယူရို ၃၁ ဒသမ ၅သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ (၅) နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ပြီး၊ ကျောနံပါတ် (၁၅) ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

နော်တင်ဟမ်ဖောရက်စ် အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ခုနစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**




## 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား Iga Swiatek ဆွတ်ခူး

**ဝါရှင်တန် ဩဂုတ် ၁၉**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ပိုလန်တင်းနစ်မယ် Iga Swiatek က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။



အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ်မယ် Jasmine Paolini အား ၇-၅၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ် သည်။

ပိုလန်တင်းနစ်မယ် Iga Swiatek က "ကျွန်မအခုလို 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင်၊ နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

### ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ(စတုတ္ထအဆင့်-ပထမအကျော့)ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၁-၈-၂၀၂၅ ကြာသပတေးနေ့ | နံနက် ၀၁:၃၀ နာရီ | ဘာဆယ်လ် (ဆွစ်ဇာလန်) - ကိုပင်ဟေဂင် (ဒိန်းမတ်) |
| ။ | ။ | ဘိုဒို (နော်ဝေ) - စတန်းဂရစ် (ဩစတြီးယား) |
| ။ | ။ | ဆဲလ်တစ် (စကော့တလန်) - ကိုင်ရတ် (ကာဇက်စတန်) |
| ။ | ။ | ဖီနာဘာချီ (တူရကီ) - ဘင်ဖီကာ (ပေါ်တူဂီ) |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညို၊ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းဆောင်ရွက်



2025-08-19 09:31



2025-08-19 11:53

**မန္တလေး သြဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဂူဘုရားကြီး၊ ထီးလိုမင်းလိုဂူဘုရားကြီးနှင့် ရွှေစည်းခုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများလှူဒါန်းခဲ့သည်။

အဆိုပါ ဘုရားများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား ရှေးဟောင်းယဉ်ကျေးမှုနှင့် အမျိုးသားပြတိုက် ဦးစီးဌာန(ပုဂံဌာနခွဲ)၊ သက်ဆိုင်ရာဌာနများနှင့် ဂေါပကအဖွဲ့များမှ တာဝန်ရှိသူများက အာနန္ဒာဂူဘုရားကြီး အနောက်ဘက် မဟာရံတံတိုင်းအပြင်ဘက် အနီးတွင် ရှေးဟောင်း ရေစစ်ကန်ငယ်တူးဖော်တွေ့ရှိမှု၊ မြောက်ဘက်မဟာရံတံတိုင်းအပြင်ဘက်အနီးတွင် ရှေးဟောင်းအုတ်ကျိုးတန်း တူးဖော်တွေ့ရှိမှု တို့ကိုလည်းကောင်း၊ အာနန္ဒာဂူဘုရားကြီး၊ ထီးလိုမင်းလိုဂူဘုရားကြီးနှင့် ရွှေစည်းခုံစေတီတော်တို့တွင် ကဏ္ဍအလိုက် ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘုရားဖူးလာပြည်သူများ စိတ်ချမ်းမြေ့စေရေး၊ ဘုရားပရဝဏ်အတွင်း၊ အပြင် အစဉ်သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ဈေးဆိုင်ခန်းများ စနစ်တကျဖြစ်စေရန် အလေးထားကာ ဝိုင်းဝန်းပူးပေါင်းကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း မှာကြားခဲ့သည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့(၇)က တာဝန်ယူတည်ဆောက်နေသော ဘက်စုံသုံးမြို့နယ်ခန်းမ အဆောက်အအုံ သစ်တည်ဆောက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ငှင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် မြေနဲလေးကျေးရွာအုပ်စု မြေနဲလေးကျေးရွာတွင် ကျင်းပသည့် လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder)ပေးအပ်ခြင်းနှင့် မိုးစပါးစိုက်ပျိုးပြသခြင်း အခမ်းအနားသို့ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်သူများထံ လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder)များ၊ သီးနှံမျိုးစေ့များ၊ ယူရီးယားမြေသြဇာများကို ပေးအပ်ပြီးနောက် လက်ဆွဲ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြသနေမှု၊ ကျောက်ကူးမြစ်ရေတင်လုပ်ငန်းမှ မိုးစပါးစိုက်ကွင်းများအတွင်းသို့ စိုက်ပျိုးရေသွင်းနေမှုနှင့် တောင်သူများက မြေသြဇာကြဲပက်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ရှေ့ ကျေးရွာရှိ ဆီထွက်သီးနှံအထူးဇုန် မိုးမြေပဲစိုက်ခင်း၊ ကျောက်ပန်းတောင်းမြို့နယ်ရှိ ဆင်တိုင်းကန်ကျေးရွာအုပ်စု၊ ကြံစို့ကျေးရွာရှိ ပဲစင်းငုံ ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ခင်းများသို့ သွားရောက်ပြီးတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ငှင်းနောက် ကိုင်းကျေးရွာအုပ်စု၊ ကိုင်းကျေးရွာတွင် လက်ဆွဲမျိုးစေ့ချ ကိရိယာ(Drum Seeder)ပေးအပ်ခြင်းနှင့် မိုးစပါးစိုက်ပျိုးပြသခြင်း အခမ်းအနားသို့ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်သူများထံ လက်ဆွဲမျိုးစေ့ချ ကိရိယာ(Drum Seeder)များ၊ သီးနှံမျိုးစေ့များ၊ ယူရီးယားမြေသြဇာများကို ပေးအပ်ပြီးနောက် လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြသနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ လက်ဆွဲမျိုးစေ့ချ ကိရိယာ(Drum Seeder) ပေးအပ်ခြင်း၊ မိုးစပါးစိုက်ပျိုးပြသခြင်း အခမ်းအနားများနှင့် ဆီထွက်သီးနှံစိုက်ခင်းများသို့ ရောက်ရှိစဉ် တောင်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား စားရေရိက္ခာ ဖူလုံရေး၊ စပါးသီးနှံနှင့် ဆီထွက်သီးနှံအပါအဝင် အဓိကသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုး၊ မြေ၊ ရေ၊ နည်း တို့ကို ဟန်ချက်ညီစွာ ဆောင်ရွက်သွားရေး၊ သီးနှံအလိုက်သတ်မှတ်ကောက်ကွက်၊ ပျိုးပင်ဦးရေ ပြည့်မီအောင်အဘက်ဘက်မှ ကြံဆလုပ်ကိုင်ဆောင်ရွက်သွားရေး၊ လက်ဆွဲမျိုးစေ့ချ ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုသွားရေး တို့ကိုပြောကြားပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် တောင်သူများ၏တင်ပြချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



## မြို့နယ်ပညာရေးမှူးဖလား၊ အခြေခံပညာကျောင်းပေါင်းစုံ၊ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ



**မန္တလေး သြဂုတ် ၁၉**

မန္တလေး၊ အောင်မြေသာစံ မြို့နယ် မြို့နယ်ပညာရေးမှူးဖလား၊ အခြေခံပညာကျောင်းပေါင်းစုံ၊ အသက် ၁၁ နှစ်အောက်အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ၈၁ လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြားရှိ အမှတ်(၂၁) အခြေခံပညာမူလတန်းကျောင်း အားကစားပြိုင်ကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူးနှင့် ဒုတိယမြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ၊ ကျောင်းအသီးသီးမှ ကာယဆရာများ၊ ပြိုင်ပွဲဝင် အသင်း ၁၂ သင်းမှ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အမျိုးသားဘောလုံးပြိုင်ပွဲသို့ တက်ရောက်လာကြသော၊ အားကစားသမားများနှင့် တာဝန်ရှိသူများက နိုင်ငံတော်သီချင်းသီဆို၍ နိုင်ငံတော်အလံကို အလေးပြုကြသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုကြသည်။

အဆိုပါ မြို့နယ်ပညာရေးမှူးဖလား အသက် ၁၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပညာရေးနယ်မြေတစ်စုလျှင် နှစ်သင်းစီဖြင့် စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အုပ်စုပတ်လည်ပွဲစဉ်များ၊ ရှုံးထွက်ပွဲစဉ်များကို အစဉ်အတိုင်း ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၉၃)**

၀-၀-၀-၀-၀

## မိုးဝါစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းမှုကို သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ကွင်းဆင်းကြည့်ရှုအားပေး

**ပျော်ဘွယ် သြဂုတ် ၁၉**

ပျော်ဘွယ်မြို့နယ်တွင် သမဝါယမဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းဇော်ဦးသည် မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ လိုက်ပါလျက် ဖက်တောကျေးရွာလယ်ယာနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်းသားတောင်သူ စိုက်ပျိုးထားသည့် RAKA(666) မိုးဝါစိုက်ခင်းအား သြဂုတ် ၁၈ ရက် နံနက် ၁၁ နာရီက သွားရောက် ကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ ကြည့်ရှုအားပေးရာတွင် တိုင်းဒေသကြီးဦးစီးမှူးက ဝါများ ထွက်ရှိချိန်တွင် အထွက်နှုန်းကောင်းမွန်ရေး၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီပံ့ပိုးပေးနိုင်ရေး၊ နည်းပညာပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခြင်း(၇၅)နှစ်ပြည့်အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီးအတွက် USD (82,000)ခန့် တန်ဖိုးရှိ ဆိုလာမီးတိုင် အစုံ(၃၀၀) လှူဒါန်း လွှဲပြောင်းခြင်း အခမ်းအနားသို့ တက်ရောက်


မန္တလေး ဩဂုတ် ၁၉

မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန် ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး၊ China Foundation for Peace and Development နှင့် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေး အသင်းတို့ပူးပေါင်း၍ မန္တလေး တိုင်းဒေသကြီးအတွက် USD (82,000)ခန့်တန်ဖိုးရှိ ဆိုလာမီးတိုင်အစုံ(၃၀၀)လှူဒါန်း လွှဲပြောင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော် ပရဝဏ် အပြင်ဘက် ချူအင်လိုင်းတန်စောင်း အခမဲ့တည်းခိုဆောင် အမှတ်(၃)တွင်ကျင်းပသည်။





အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ China Foundation for Peace and Development နှင့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အစီအစဉ်အရ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၊ China Foundation for Peace and Development နှင့် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်းတို့ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီးအတွင်း ဆိုလာမီးတိုင်များ လှူဒါန်းတပ်ဆင်မှုမှတ်တမ်း Video Clipကို ပြသပြီးနောက် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Ms. Gao Ping က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံချစ်ကြည်ရေးကို ဘက်စုံမဟာ ဗျူဟာမြောက် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးတည်ထောင်ခြင်း (၇၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီးအတွက် လှူဒါန်းသည့် ဆိုလာမီးတိုင်များကို ညောင်ဦးမြို့နယ်နှင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် အစုံ(၁၅၀)၊ မိတ္ထီလာမြို့နယ်တွင် အစုံ(၁၀၀)နှင့် ပြင်ဦးလွင်မြို့နယ်တွင် အစုံ(၅၀)အား တပ်ဆင်ပြီးဖြစ်ပါကြောင်း၊ ယခုလိုလှူဒါန်းမှုများသည် နှစ်နိုင်ငံဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုတွင် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတည်တံ့ ခိုင်မြဲစေပြီး ဒေသဖွံ့ဖြိုးရေးတွင် များစွာ အထောက်အကူဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ Mr.Li Bo Bo က မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၊ China Foundation for Peace and Development နှင့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး အသင်းတို့ ပူးပေါင်း၍ လှူဒါန်းရခြင်း အကြောင်းအား Vido e Clipဖြင့် ပြသပြောကြားပြီးနောက် အသင်းနှင့် ပတ်သက်၍ မိတ်ဆက်ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆိုလာမီးတိုင်များ လှူဒါန်းခဲ့သည့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်နှင့် China Foundation for Peace and Development နှင့် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေး အသင်းတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီးနောက် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၇၅ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား ကျောင်းသူ ၂၄၄ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်းကျောင်းသား ကျောင်းသူ ၉၂၁၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၃၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၃၃ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၃၅ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ကွန်ပျူတာနဲ့ ဖုန်း အမြဲအသုံးပြုရပြီး ဇက်ကြောတက်တာတွေသက်သာစေမယ့် ယောဂလေ့ကျင့်ခန်း




ယခုခေတ်မှာ လူတိုင်းနီးပါး ဖုန်းနဲ့ ကွန်ပျူတာကို နေ့စဉ် အသုံးပြုနေကြပါတယ်။ လုပ်ငန်းခွင်၌ တစ်နေကုန် ကွန်ပျူတာရှေ့တွင် ထိုင်ပြီး အလုပ် လုပ်ရခြင်း၊ ဖုန်းအသုံးပြုချိန် များလာခြင်းကြောင့် ဇက်ကြော အရမ်းတက်ပြီး ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ အမြင်ဝေဝါးခြင်း၊ ညောင်းကိုက်ခြင်းတွေဖြစ်စေပြီး နေထိုင်ရတာ အဆင်မပြေဖြစ်လာတာကြောင့် ဆေးရုံ၊ ဆေးခန်းပြရတဲ့အထိ ဖြစ်လာစေပါတယ်။ ဖုန်းနဲ့ ကွန်ပျူတာအသုံးပြုချိန် တစ်နာရီကြာလျှင် မျက်လုံးလေ့ကျင့်ခန်း၊ ခေါင်းလေ့ကျင့်ခန်းတွေ ပြုလုပ်ကြဖို့ တိုက်တွန်းကြပေမယ့် တကယ်တမ်းမှာ ပြုလုပ်ဖို့ သတိမရကြပါဘူး။ ဇက်ကြော အရမ်းတက်လျှင် အကိုက်အခဲပျောက်ဆေးသောက်တာတွေ၊ ဆေးပူတွေ လိမ်းကြပေမယ့် ဒါတွေက ယာယီပဲ သက်သာမှာဖြစ်ပြီး ဆေးအရှိန်ပြယ်သွားရင် ပြန်ဖြစ်မှာပါပဲ။ ဒါကြောင့် အလုပ်တွေလုပ်ပြီး အိမ်ပြန်ရောက်တဲ့အခါမှာ ဇက်ကြောအရမ်းတက်နေတာတွေကို သက်သာစေဖို့အတွက် လွယ်ကူရိုးရှင်းတဲ့ ယောဂ လေ့ကျင့်ခန်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

**Daisy**



## အဖြူရောင် Sneaker ဖိနပ်နဲ့ လိုက်ဖက်မယ့်ဖက်ရှင်များ

Sneaker လို့ ပြောလိုက်တာနဲ့ ယောက်ျားလေး(သို့မဟုတ်) ယောက်ျားလေးဆန်တဲ့ ဖက်ရှင်မျိုးနဲ့ပဲ လိုက်ဖက်တယ်လို့ ထင်တတ်ကြပါတယ်။ တကယ်တော့ Sneaker ဖိနပ်တွေက မိန်းကလေးတွေနဲ့လည်း လိုက်ဖက်တဲ့အပြင် အလုပ်သွားတာပဲဖြစ်ဖြစ် ပေါ့ပေါ့ပါးပါး ထသွား၊ ထလာပဲဖြစ်ဖြစ်၊ လမ်းအရမ်းလျှောက်ရတဲ့နေရာတွေကို သွားတဲ့အခါမှာ သက်သောင့်သက်သာ ဖြစ်စေပါတယ်။ Sneaker ဖိနပ်အများကြီးထဲမှာမှ အဖြူရောင်ဖိနပ်တွေက အဝတ်အစားတော်တော်များများနဲ့လည်း လိုက်ဖက်တဲ့အပြင် အသက်အရွယ်မရွေး လိုက်ဖက်ပါတယ်။ Sneaker နဲ့ တွဲဖက်ဝတ်ဆင်လို့ရတဲ့ အဝတ်အစား ပုံစံတွေကို ဖော်ပြပေးလိုက်ပါတယ်။

**Daisy**

## သဘာဝအတိုင်း အသားဖြူစေမယ့် ပေါင်းတင်နည်းများ

အာရှနိုင်ငံသားအများစုက အသားဖြူမှ လှတယ်ဟု ယူဆထားတာဖြစ်လို့ အသားဖြူဖို့အတွက် နည်းလမ်းမျိုးစုံ ပြုလုပ်ကြပါတယ်။ တချို့က ပင်ကိုယ်ဖြူဝင်းတဲ့ အသားအရေရှိတာတောင် ဖြူသထက်ဖြူအောင် လုပ်ချင်ကြပါတယ်။ အလှအပဆိုင်ရာ ဈေးကွက်မှာ အသားဖြူစေမယ့် အလှကုန်၊ ဖြည့်စွက်ဆေး စသည်ဖြင့် အမျိုးအစားအများကြီး ထုတ်လုပ်ရောင်းချနေကြသလို ဝယ်ယူသုံးစွဲမှုကလည်း အများအပြားပါပဲ။ အသားဖြူစေတဲ့ အလှကုန်ထဲမှာ ဓာတုပစ္စည်းတွေပါဝင်တာကြောင့် တချို့ဓာတုပစ္စည်းတွေမှာ တားမြစ်ထားတဲ့ဆေးတွေပါဝင်နေရင် ကျန်းမာရေးကို ထိခိုက်စေရုံသာမကဘဲ အသက်အန္တရာယ်ကိုပါ ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် ဓာတုပစ္စည်းတွေပါဝင်တဲ့ အလှကုန်တွေမသုံးဘဲ သဘော်သီးကို အသုံးပြုပြီး သဘာဝအတိုင်း အသားဖြူစေမယ့် ပေါင်းတင်နည်းကို ဖော်ပြပေးလိုက်ပါတယ်။ ပါဝင်ပစ္စည်းကတော့ သဘော်သီးနဲ့ ပျားရည်ပါပဲ။ သဘော်သီးမှည့်တစ်စိတ်ခန့်ကို ကြေညက်သွားအောင် ကြိတ်ပြီးရင် ပျားရည် ထမင်းစားဇွန်း တစ်ဇွန်းထည့်ပြီး ရောလိုက်ပါ။ ရလာတဲ့ သဘော်သီးအနှစ်ကို မျက်နှာနဲ့လည်ပင်း တစ်ဝိုက် လိမ်းပြီး နာရီဝက်ခန့် ပေါင်းတင်ပေးထားပါ။ အချိန်ပြည့်သွားရင် ရေနွေးနွေးလေးနဲ့ မျက်နှာသစ်ပြီး သန့်စင်သွားရင် ရေအေးနဲ့ တစ်ခေါက် ပြန်သစ်ပေးပါ။ လက်နဲ့ ခြေထောက်၊ ခန္ဓာကိုယ်တစ်ခုလုံးဖြူချင်တယ်ဆိုရင် တစ်ကိုယ်လုံးကို သဘော်သီးနဲ့ ပျားရည်ရောထားတဲ့အနှစ်နဲ့ ပေါင်းတင်ပေးနိုင်ပါတယ်။ ငါးရက်တစ်ခါလောက် ပုံမှန်ပြုလုပ်ပေးမယ်ဆိုရင် ဖြူဖွေးပြီး နူးညံ့တဲ့အသားအရေကို ရရှိလာစေမှာဖြစ်ပါတယ်။

**Daisy**





## အသက် ၃၀ ကျော် အမျိုးသမီးတွေအတွက် တည်ငြိမ်ရင့်ကျက် လှပစေမယ့် ဖက်ရှင်များ

အသက် ၃၀ ဆိုတာ အမျိုးသမီးတွေအတွက် အလှဆုံးအချိန်လို့ ပြောလို့ရပါတယ်။ ဒီအရွယ်တွေဟာ စိတ်ပိုင်းဆိုင်ရာအရရင့်ကျက်တည်ငြိမ်လာပြီး ငွေကြေးပိုင်းလည်း အတိုင်းအတာတစ်ခုအထိရှိနေတဲ့အပြင် အသားအရေထိန်းသိမ်းမှု၊ အပြင်အဆင်တွေ လုပ်ရင်လုပ်တတ်သလို လှပနိုင်ပါတယ်။ ဒါကြောင့် အသားအရေနဲ့ ခန္ဓာကိုယ်အလှအပကိုပဲ ထိန်းသိမ်းတာမျိုးမဟုတ်ဘဲ အဝတ်အစား အပြင်အဆင်တွေကိုလည်း သေချာပြင်ဆင် ဝတ်စားတတ်ဖို့ အရေးကြီးပါတယ်။ အရွယ်တစ်ခုရောက်ပြီဖြစ်လို့ မိန်းကလေးငယ်လေးတွေလို ချစ်စရာကောင်းတဲ့ ဖက်ရှင်မျိုးဝတ်တာထက် လုပ်ငန်းခွင်၊ ပတ်ဝန်းကျင်နဲ့ သင့်တော်ပြီး ကိုယ်နဲ့လိုက်ဖက်တဲ့ဖက်ရှင်မျိုးကို ရွေးချယ်ဖို့လိုပါတယ်။ မြန်မာနိုင်ငံရဲ့ ရာသီဥတုက အပူပိုင်းပိုများတာကြောင့် အရောင်ရင့်တွေထက် အပူသက်သာပြီး အမြင်အေးစေမယ့် ခပ်ဖျော့ဖျော့အရောင်တွေကို ရွေးချယ်သင့်ပါတယ်။ လုပ်ငန်းခွင်ဝင်နေရတဲ့ အသက် ၃၀ ကျော် အမျိုးသမီးတွေ တည်ငြိမ်ရင့်ကျက်တဲ့ အလှမျိုးဖြစ်စေမယ့် ဖက်ရှင်တွေကို ဖော်ပြပေးလိုက်ပါတယ်။

**Daisy**

## ဝါညစ်နေတဲ့သွားတွေကို ပြန်လည်ဖြူဝင်းလာစေမယ့်နည်းလမ်း



ပုံမှန်အားဖြင့် သွားရဲ့အရောင်က အဖြူရောင်ဆိုပေမယ့် တချို့သူတွေရဲ့ ပင်ကိုယ်သွားအရောင်က ခပ်ဝါဝါအရောင်ဖြစ်ပါတယ်။ ပင်ကိုယ် သွားဖြူတဲ့သူတွေက ကော်ဖီနဲ့ လက်ဖက်ရည်သောက်ခြင်း၊ ဆေးလိပ်နဲ့ အရက်သောက်ခြင်း၊ ကွမ်းစားခြင်းတွေကြောင့်လည်း သွားအရောင်က ဝါနေတတ်ပါတယ်။ သွားတွေ ဖြူဖွေးနေရင်တော့ မိမိကိုယ်ကို ယုံကြည်မှု ပိုရှိစေနိုင်ပါတယ်။ ဒါကြောင့် ဒီတစ်ခါမှာတော့ သွားလေးတွေ ဖြူဖွေးစေမယ့် နည်းလမ်းကို မျှဝေပေးလိုက်ပါတယ်။

သံပရိုသီး (သို့မဟုတ်) သံပရာသီးနဲ့ မုန့်ဖုတ်ဆိုဒါကို အသုံးပြုပေးရမှာပါ။ သံပရာသီးမှာပါတဲ့ အက်စစ်ဓာတ်တွေက သွားမှာကပ်နေတဲ့ အညစ်အကြေးနဲ့ သွားချေး(ဂျိုး)တွေကို ဖယ်ရှားပေးနိုင်ပြီး ခံတွင်းနံ့ဆိုးခြင်းကို သက်သာစေပါတယ်။ မုန့်ဖုတ်ဆိုဒါကလည်း သွားမှာကပ်ငြိနေတဲ့ စားကြွင်းစားကျန်၊ သွားချေး(ဂျိုး)နဲ့ အညစ်အကြေးတွေကို ဖယ်ရှားပေးနိုင်ပြီး သွားတွေဖြူဖို့ ကူညီပေးနိုင်ပါတယ်။ မုန့်ဖုတ်ဆိုဒါ လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့်ကို သံပရာရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်းနဲ့ရောပြီး ရလာတဲ့ အနှစ်ကို သွားတိုက်တံပေါ်တင်ပေးပြီး သွားတိုက်လိုက်ပါ။ တိုက်တဲ့အခါမှာလည်း သွားတွေကို အပေါ်၊ အောက်၊ ဘေးအတွင်း ထဲထိ ဖြည်းညင်းစွာနဲ့ သုံးမိနစ်ခန့် တိုက်ပေးပြီး ပလုတ်ကျင်းလိုက်ပါ။ တစ်ခါလောက်လုပ်ပြီးရင် သိသာတဲ့ရလဒ်ကို ရရှိလာမှာဖြစ်ပြီး တစ်ပတ်တစ်ခါလောက် လုပ်ပေးလျှင် ဖြူဖွေးတဲ့သွားတွေကို ပိုင်ဆိုင်ရမှာဖြစ်ပါတယ်။

**Daisy**

*-*-*-*-*



## မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနည်း အသိပညာပေးခြင်း ဆောင်ရွက်

**မိုင်းပျဉ်း ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများကို မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဖြင့် ဆန္ဒမဲပေးနည်း အသိပညာပေးခြင်းကို ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့ သရုပ်ပြစမ်းသပ်မဲပေးနည်း အသိပညာပေးခြင်း ဆောင်ရွက်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဦးစီးအရာရှိက လက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးနည်း အသုံးပြုပုံ၊ အသုံးပြုနည်းများအား ရှင်းလင်းပြသပေးသည်။

ထို့နောက် တက်ရောက်လာသော မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနည်းကို လက်တွေ့ သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဌာနဆိုင်ရာဝန်ထမ်းများအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ဆန္ဒမဲပေးနည်း အသိပညာပေးခြင်းသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဦးစီးအရာရှိနှင့် ရုံးအဖွဲ့များက စနစ်တကျကြီးကြပ်၍ ရှင်းလင်း သရုပ်ပြသခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အစားအုပ်စုပြိုင်ပွဲအခမ်းအနား ကျင်းပ

**အောင်လံ ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်တွင် ကျောင်းကျန်းမာရေးလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးရက်သတ္တပတ် လှုပ်ရှားမှု အစာအုပ်စုပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက အောင်လံမြို့၊ အထက(ရွာထောင်) ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် သူနာပြုဆရာမကြီး ဒေါ်တင်တင်နိုင်က ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး (Grade-3) ကျောင်းသား၊ ကျောင်းသူများက စနစ်မှန်လက်ဆေးနည်း လက်တွေ့သရုပ်ပြသခြင်း၊ Grade-4 ကျောင်းသား၊ ကျောင်းသူများက စနစ်မှန်သွားတိုက်နည်း လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ခန္ဓာကိုယ်ကြီးထွားစေသောအုပ်စု၊ အင်အားဖြစ်စေသောအုပ်စု၊ ရောဂါကာကွယ်စေသောအုပ်စု အစာအုပ်စုသုံးအုပ်စု ရွေးချယ်ပြိုင်ပွဲ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင် ကျောင်းသား၊ကျောင်းသူများက စနစ်မှန်လက်ဆေးနည်းနှင့် စနစ်မှန်သွားတိုက်နည်းတို့တွင် ပါဝင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရ လက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။**အာကာ(ပြန်/ဆက်)**



## အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း စက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**ပင်လုံ ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လုံမြို့၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုး ရေးစီမံကိန်း စက်ချုပ်သင်တန်း ဖွင့်ပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းထွဋ်က သင်တန်းအဖွင့်အမှာစကားပြောကြားပြီး လွိုင်လင်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရာဇာက စီမံကိန်း သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်း၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းဝင့်ဝင့်ဆွေက သင်တန်းသားများအား သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများ ပေးအပ်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ အခမ်းအနားသို့ လွိုင်လင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ သင်တန်းဆရာနှင့် သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်းနှင့် သင်တန်းသုံးကုန်ကြမ်းပစ္စည်းများအား လေ့လာကြည့်ရှုခဲ့ကြပြီး စက်ချုပ်သင်တန်းအား ဆက်လက်ဖွင့်လှစ်ခဲ့ရာ သင်တန်းသူ ၁၆ ဦး တက်ရောက်မည်ဖြစ်ကာ သင်တန်းကာလတစ်လနှင့် မွမ်းမံကာလ ၁၅ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ
လေ့လာစို့ ။





ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ရှိခိုး ဝန္ဒနာ မိဘနှစ်ဖြာ

* လောကလူ့ရွာ ၊ တွေ့ဆုံရာဝယ်
မေတ္တာရေ့ထား ၊ ဆောင်ရွက်ပြားက
လေးစားချစ်ခင် ၊ လူရာဝင်၍
လိုအင်ဆန္ဒ ၊ ပြီးမြောက်ရ ။

* စကားမေတ္တာ ၊ ဆိုကြရာဝယ်
နှစ်ဖြာမိဘ ၊ ဂုဏ်နန္တကို
တုရမထင် ၊ ကျေးဇူးရှင်တို့
ရွှေရင်အူသဲ ၊ မှတ်ယူစွဲ ။

* မိဘနှစ်ဖြာ ၊ ချစ်မေတ္တာသည်
နှိုင်းကာပုံပြ ၊ ညွှန်းဆိုရလျှင်
တောင်လုမြင်းမိုရ် ၊ မြင့်သည်ဆိုလည်း
ပုံလိုနှိုင်းပြ ၊ ဦးချိုမှု ။

* လေးကျွန်းစကြာ ၊ ရေဇလာတွင်
အိုင်မှာခွန်နစ် ၊ ငါးစင်းမြစ်နှင့်
သေးမြစ်ငါးရာ ၊ သမုဒ္ဒရာလည်း
ရွက်မှာနှင်းရောက် ၊ ရေတစ်ပေါက် ။

* မိဘမေတ္တာ ၊ ပုံခိုင်းရာဝယ်
ဝဠာတစ်သောင်း ၊ တိုက်အပေါင်းဟု
သောင်းပြောင်းဝေဟင် ၊ အဇဋာပြင်သည်
ပုံသွင်းနှိုင်းဆ ၊ အပ်ဖျားမျှ ။

* ဤသို့ဆိုစေ ၊ မိဘတွေသည်
များထွေအနန္တ ၊ တုမရသည်
ကြီးစွဂုဏ်အင် ၊ ကျေးဇူးရှင်မို့
ဆယ်အင်လက်မိုး ၊ ကျွန်ရှိခိုးသည်
ပြစ်မျိုးထွေထွေ ၊ ခွင့်လွှတ်စေဖို့
မာန်တွေကိုချ ၊ ဦးနိမ့်သ ။ ။

ပန်းသစ္စာ(ပုသိမ်ကြီး)

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ဆင်ပေါင်ဝဲ ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် အဂတိလိုက်စားမှုကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။



အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်အဂတိလိုက်စားမှုကာကွယ်ရေးအဖွဲ့ (CPU) ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းထွန်းက လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအောင်ကျော်မြင့်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးကိစ္စရပ်များနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးရှောလမုန်မောင်းကြီးက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်တရားသူကြီး ဦးမင်းခန့်ဇေယျာလွင်က အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် အကြောင်းအရာများကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

(ဓဓပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀-၀




## ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ယာဉ်မတော်တဆမှု ဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၁၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၄၀/၀)နှင့်(၄၀/၁)ကြားတွင် ဩဂုတ် ၁၇ ရက် နံနက် ၂ နာရီ ၁၀ မိနစ်ခန့်က ယာဉ်မတော်တဆမှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဘောနတ်ကြီး အမြန်လမ်းမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ ဘောနတ်ကြီး အမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ် သွားရောက်ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ နေပြည်တော်သို့ မောင်းနှင်လာသော အဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သဖြင့် အမျိုးသား နှစ်ဦး ကားခေါင်းတွင် ညပ်မိပြီး သေဆုံးခဲ့သဖြင့် ကြက်ခြေနီအသင်းယာဉ်ဖြင့် ပဲခူးဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၄၅)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ ရက်တွင် နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၅၉၀ တန်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့အကျော် ရေဝန်းကျေးရွာအနီး၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Genlvon Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တံတားဦးမြို့နယ် ကူးတို့ဆိပ်ကျေးရွာနှင့် ပုဏ္ဏားခြံကျေးရွာအနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၃၇ ပီပါကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**








## ပန်ကာဖွင့်ထားရာမှ ကွိုင်အပူလွန်ပြီး မီးလောင်ကျွမ်း

**မန္တလေး ဩဂုတ် ၁၉**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ ၁၁၁လမ်း၊ ၆၅(B)လမ်းနှင့် ၆၆ လမ်းကြားရှိ ကိုယ်ပိုင်အထက်တန်းကျောင်း ဝန်ထမ်းအိပ်ဆောင်တွင် ပန်ကာဖွင့်ထားရာမှ ကွိုင်အပူလွန်ကဲပြီး အောက်ရှိ စာအုပ်များပေါ်သို့ မီးပွားကျရာမှ မီးလောင်ကျွမ်းမှု ဩဂုတ် ၁၈ ရက် ညနေ ၅ နာရီက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုးနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၈၀ ဦးတို့သည် မီးငြိမ်းသတ်ယာဉ်ရှစ်စီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး ရေဂါလန် ၈၀၀၀ ခန့်ဖြင့် မီးငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်ကျွမ်းမှုကြောင့် ပေ(၃၀×၅၀) သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနှစ်ထပ် ဝန်ထမ်းအိပ်ဆောင်တစ်လုံးနှင့် အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာ သုံးစွဲသူ ကျောင်းလုံခြုံရေးတာဝန်ခံအား အမှတ်(၁၁)နယ်မြေရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၅၇)**

## မြို့နယ်အချို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၁၀)ရပ်ကွက်တို့၌ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေလှည့်ကင်းဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ လက်ဝယ်ထားစီးနင်းသူများဖြစ်သည့် အမှတ်(၂) ရပ်ကွက်နေ ကျော်ဆန်းထွန်း(ခ)ပေါက်စီ(၂၀)နှစ်ဆိုသူ၊ အမှတ်(၁)ရပ်ကွက်နေ ဒေါ်ခင်နွယ်ထွန်း(၄၅)နှစ်ဆိုသူ၊ ပိတောက်ခေါင်းကျေးရွာနေ ဒေါ်ခိုင်တင့်(၃၅)နှစ်ဆိုသူ၊ ဥယျာဉ်တော်ကျေးရွာနေ အောင်ဆွေဝင်း(ခ)မောင်ချစ်(၃၁)နှစ်ဆိုသူ၊ အမှတ်(၁၀)ရပ်ကွက်နေ ရန်အောင်(၂၆)နှစ်ဆိုသူတို့အား လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ငါးဦးအား ရွှေဘိုမြို့မရဲစခန်း၌ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၁ နာရီခွဲက မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သိမ်ကုန်းရပ်ကွက်၊ ရွှေစာရံဘုရားရှေ့၌ သထုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် သထုံမြို့နယ်၊ နောင်ဘိုကျေးရွာနေ အောင်ကျော်ဖြိုး(၂၁)နှစ်ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ဆိုင်ကယ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်ဖြစ်ကြောင်း သိရှိရသဖြင့် အောင်ကျော်ဖြိုးဆိုသူအား သထုံမြို့မရဲစခန်း၌ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း၊ ထို့အတူ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ကန်တော်ဦးလမ်းဆုံ၌ သိမ်ဇရပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ မဲသောင်ကျေးရွာနေ စောသူရိန်(ခ)ဖိုးခွားကြီး(၂၉)နှစ်ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ဆိုင်ကယ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်ဖြစ်ကြောင်း သိရသဖြင့် စောသူရိန်(ခ)ဖိုးခွားကြီးဆိုသူအား သိမ်ဇရပ်နယ်မြေရဲစခန်း၌ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန့်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၃၂)၊ ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧကရှိ ဦးမြင့်ဆွေ အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်-၇၄၂၄/၂၀၁၁ အရ လက်ခံဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးတင်စိုးဦး(အဘ)ဦးအောင်မြင့်(၉/မရတ(နိုင်)၀၉၀၀၂၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ–၇/၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈ လမ်းနှင့် ၁၀၉ လမ်းကြား၊ (၁၀၉ လမ်းမှ ဝင်ရမည်)၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန့်တုံးရပ်ကွက်၊ အကွက်အမှတ်(၀၀-၆)၊ ဦးပိုင်အမှတ်(၈၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးစောလွင် အမည်ပေါက်ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတို့က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၁၇၈/၂၀၂၅ အရ ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော ဒေါ်ရီရီစိုး(အဘ)ဦးအောင်ရည်(၉/မရတ(နိုင်)၀၂၉၈၇၂)၊ ဦးမျိုးညွန့်(အဘ)ဦးမောင်မောင်(၉/မရတ(နိုင်)၀၅၅၆၄၇)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ–၇/၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈ လမ်းနှင့် ၁၀၉ လမ်းကြား၊ (၁၀၉ လမ်းမှ ဝင်ရမည်)၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၈)၊ ဦးပိုင်အမှတ်(၁၀၂)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမောင်ကို အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးအောင်မြင့်(ဘ)ဦးမှူ(၉/မရတ(နိုင်)၀၈၅၂၉၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ–၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉–၂၀၁၉၇၀၁၊၀၉–၉၄၄၉၇၂၃၃၃**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် ၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၆၁)၊ ဦးပိုင်အမှတ်(၇၃)၊ ဧရိယာ(၀ ဒသမ ၀၁၆၂)ဧကနှင့် ဦးပိုင်အမှတ်(၇၄)၊ ဧရိယာ (၀ ဒသမ ၀၂၂၅)ဧက အကျယ်အဝန်းရှိသော ဦးကျော်မြင့်(ပါ-၂) အမည်ပေါက် ဘိုးဘမြေကွက်များနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ သံဖရိန်ဟောခန်း(၁)ထပ်၊ အာရ်စီ(၂)ထပ်ခွဲအဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ (၄)လုံး(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော (၁) ဦးမျိုးဝင်းကျော်(ဘ)ဦးကျော်မြင့်(၉/မနမ(နိုင်)၀၀၆၃၆၂)၊ (၂) ဦးဖြိုးဝင်းကျော်(ဘ)ဦးကျော်မြင့်(၉/ခမစ(နိုင်)၀၁၁၅၇၅)၊ (၃)ဦးဇေယျာဝင်းကျော်(ဘ)ဦးကျော်မြင့်(၉/အမဇ(နိုင်)၀၁၁၅၇၆) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၀)၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးတင်လင်း အမည်ဖြင့် မြေနေရာချထားခြင်းခံရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နုနုဝင်း(ဘ)ဦးထွန်းဝေ(၉/ခမစ(နိုင်)၀၃၈၃၈၃)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖြူသီမြင့် (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ**
**ညည(၆၈/၄၂)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၆၁၁၅၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ ကွင်း/အကွက်အမှတ်(၅၅၉/က)၊ ဦးပိုင်အမှတ်(ဃ/၃၂)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်တင်တင်ကျော် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံအပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်၊ နိုတြီကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်သွဲ့သွဲ့ဝင်း(ဘ)ဦးသက်တင်(၅/ဝလန(နိုင်)၀၉၉၆၇၆)မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်ကိုလတ်(LL.B) ဒေါ်ဝါဝါကို(LL.B) ဦးအောင်ခိုင်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၃၈လမ်း၊ ၇၈လမ်းနှင့်၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၃၄၄၄၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၂)၊ ဦးပိုင်အမှတ်(၆၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးခင်လှိုင် အမည်ဖြင့် မြေနေရာချထားခြင်းခံရသည့် မြေကွက်၏ မြောက်အစွန်ဆုံးခြမ်း (၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဟိန်းကိုဦး(ဘ)ဦးမြင့်မောင်(၉/ခမစ(နိုင်)၀၄၄၄၇၂)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖြူသီမြင့် (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ**
**ညည(၆၈/၄၂)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၆၁၁၅၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၇)၊ ဦးပိုင်(၂၇၉)၊ ဧရိယာ (ပေ ၃၀×၄၅ပေ) အကျယ်အဝန်းရှိ ဒေါ်မကြီး အမည်ဖြင့် ချထားပေးခြင်းခံရသော မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ဧရိယာ (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီးအပါအဝင် မြေပေါ်မြေအောက် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိပိုင်ဆိုင်လျက်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း၊ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်ရက် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစိုးထွန်းထွန်းဇော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**Htun Law firm**
**၃၃လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၁၆၇၁၄၊ ၀၂–၂၈၃၅၀၂၄**

- ❖ မိမိတို့နိုင်ငံသည် မတူကွဲပြားသည့် အင်အားကြီးနိုင်ငံနှစ်နိုင်ငံအကြားတွင်ရှိနေကြောင်း ...
- ❖ ထို့ကြောင့်နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍လည်း လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် နှစ်(၈၀)ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့အခမ်းအနား တက်ရောက်

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Gen. Luong Tam Quang ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ဩဂုတ် ၁၇ ရက်တွင် ကျင်းပသည့် နှစ်(၈၀)ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့ (The 80th Anniversary of the Traditional Day of the Viet Nam People's Public Security) အခမ်းအနားသို့တက်ရောက်ရန် ဩဂုတ် ၁၅ ရက်မှ ၁၈ ရက်အထိ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

**သွားရောက်လေ့လာ**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် ဟိုချီမင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြပြီး ညနေပိုင်းတွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး H.E. Mr. To Lam နှင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Gen. Luong Tam Quang နှင့်လည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံနှင့်ဒေသတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Gen. Luong Tam Quang က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဟိုချီမင်းပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဗီယက်နမ် အမျိုးသားကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသော နှစ်(၈၀)ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့ ( The 80th Anniversary of the Traditional Day of the Viet Nam People's Public Security)အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ဗီယက်နမ် စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

ဩဂုတ် ၁၈ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ပြည်သူ့ရဲအကယ်ဒမီသို့ သွားရောက်လေ့လာခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ နှစ်(၈၀)ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံဝန်ကြီးဌာနနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆွေးနွေးခဲ့ကြကြောင်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာအသင်း ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရ

**ရန်ကုန် ဩဂုတ် ၁၉**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၅ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီခွဲက မြန်မာအသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ဩစတြေးလျအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

မြန်မာအသင်းသည် ချန်ပီယံဆုရယူနိုင်ရေး အကောင်းဆုံးကြိုးစားခဲ့သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့် သွင်းဂိုးဖြင့် ရှုံးနိမ့်ကာ ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရသည်။

မြန်မာအသင်းသည် ၂၀၀၄ နှင့် ၂၀၀၇ ခုနှစ်တို့တွင် ချန်ပီယံဖြစ်ခဲ့ပြီး၊ ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၅နှင့် ယခု ၂၀၂၅ခုနှစ်တို့တွင် ဗိုလ်လုပွဲအထိတက်ရောက်ခဲ့သော်လည်း လေးကြိမ်စလုံး ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရပြီး ဒုတိယဆုဖြင့် သာ ကျေနပ်ခဲ့ရသည်။

မြန်မာအသင်းသည် အာဆီယံအမျိုးသမီး ချန်ပီယံရှစ် ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ချန်ပီယံဆုနှစ်ကြိမ်၊ ဒုတိယလေးကြိမ်၊ တတိယသုံးကြိမ်ထိ ရရှိထားသည်။

နိုင်ကမ္ဘာ

o-o-o-o-o




## အာဆီယံ အမျိုးသမီး ယူ-၁၆ ပြိုင်ပွဲဝင်ရန် မြန်မာအသင်း ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၁၉**

မြန်မာ့လက်ရွေးစင် ယူ-၁၆ အမျိုးသမီးအသင်းသည် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၅ အာဆီယံ အမျိုးသမီး ယူ-၁၆ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ယနေ့ညနေပိုင်းက - ရန်ကုန် - ဘန်ကောက် - အင်ဒိုနီးရှား လေယာဉ်ခရီးစဉ်ဖြင့် ထွက်ခွာသွားပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ယူ-၁၆အသင်းကို အသင်းအုပ်ချုပ်သူအဖြစ် Mr. Mita Michiteru, နည်းပြချုပ်အဖြစ် Ms. Kumiko Tashiro, လက်ထောက်နည်းပြများအဖြစ် ဒေါ်နွယ်နွယ်တိုး၊ နန်းသန်းဝင်း၊ ဂိုးနည်းပြအဖြစ် ဒေါ်မေခင်ယမင်းတို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။




၂၀၂၅ အာဆီယံ အမျိုးသမီး ယူ-၁၆ ပြိုင်ပွဲကို ဩဂုတ် ၂၀ မှ ၂၉ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ၊ ဆူရာကာတာမြို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီး ယူ-၁၆ အသင်းသည် အုပ်စု (ခ)တွင် ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုသုံးစုခွဲထားပြီး အုပ်စုပထမသုံးသင်းနှင့် အကောင်းဆုံး အုပ်စုဒုတိယတစ်သင်းတို့ ဆီမီးဖိုင်နယ်သို့ တက်ရောက်မည်ဖြစ်သည်။

မြန်မာအသင်းသည် ဩဂုတ် ၂၃ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ကမ္ဘောဒီးယားအသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၂၅ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ဗီယက်နမ်အသင်းနှင့်လည်းကောင်း ကစားရမည်ဖြစ်သည်။

(NGB)

o-o-o-o-o